အပ္ပမာဒေါ စ ခမ္မေသု ဧတံ မင်္ဂလ မုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၆)

ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစု အဋ္ဌမအကြိမ် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် သာသနာ့ဗေဿမင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညိန္ဒထံဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (အောက်ပုံ)နှင့် ဘုံကထိန်လျာ ဆက်ကပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (အောက်ဆုံးပုံ)

(မြို့တော်သတင်း)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစု ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အမှူးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစု အဋ္ဌမအကြိမ် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေဿမင်္ဂလာပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သိမ်ဆင်းလောင်းလှူ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုတို့က လှူဒါန်းသည့် ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား သိက္ခာထပ်မင်္ဂလာအခမ်းအနားကို သာသနာ့ဗေဿမင်္ဂလာသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❑

ယနေ့ထုတ်စောင်ရေ
၂၀၂၂၇၇

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

26-10 (1).p65 1 3/25/05, 3:27 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ဒေသအလိုက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေးမှအစ နယ်မြေဒေသအားလုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ မြို့ပြဒေသများ ခေတ်မီတိုးတက်စေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဒေသအလိုက် လိုအပ်ချက်များကို စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးလျက်ရှိသည်။

ကရင်ပြည်နယ်သည် မြစ်၊ချောင်းများ ပေါများသဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ယခင်ကာလများက အခက်အခဲများစွာကြုံတွေ့ခဲ့ကြရသည်။ တစ်ချိန်က ရန်ကုန်မှ မြဝတီမြို့သို့ သွားလိုလျှင် မြစ်အတန်တန်ကို ဇက်ရေယာဉ်ဖြင့် ကူးဖြတ်သွားကြရ၍ နှစ်ညအိပ်ခန့်ကြာမှ မြဝတီသို့ ရောက်ရှိခဲ့ကြသည်။ ယခုအခါတွင် နိုင်ငံတော်က သံလွင်မြစ်ကူးတံတားကြီးနှင့် ဘားအံ-ဂျိုင်းမြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးခဲ့၍ ရန်ကုန်မှမြဝတီသို့ နေ့ချင်းပေါက် သွားလာနိုင်ကြပြီဖြစ်သည်။

ထို့အပြင် ဘားအံ-ရွှေဂွန်း-မြိုင်ကြီးငူလမ်းကို ကျောက်ချောကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်သဖြင့် ယခင်က ရေယာဉ်ဖြင့် တစ်နေ့ကုန်သွားရသည့်ခရီးကို ယခုအခါ နှစ်နာရီအတွင်း ခရီးပေါက်နိုင်ကြပြီဖြစ်သည်။ ဘားအံ- မော်လမြိုင်လမ်း၊ မြိုင်ကလေး-ကမမောင်းလမ်း၊ကမမောင်း-ဖာပွန်လမ်းများကိုပါ ဖောက်လုပ်ပေးလျက်ရှိရာ ဒေသအတွင်း ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူလာသည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ကျန်းမာရေး၊ပညာရေး၊စီးပွားရေး အဘက်ဘက်က တိုးတက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အောက်တိုဘာလ၂ရက်နေ့က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများအား ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားခဲ့သည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ဥယျာဉ်ခြံမြေများ၌ ကွမ်းကော၊ ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ်၊ ရော်ဘာပင်များနှင့် စားသုံးသီးနှံပင်များ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ မွန်ပြည်နယ်တွင် ဈေးကွက်ရှိသည့် ရော်ဘာပင် စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရော်ဘာပင် စုစုပေါင်းဧကတစ်သောင်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

ထို့အပြင် သထုံမြို့နယ် နောင်ကလားကျေးရွာအုပ်စုရှိ နောင်ကလားဒေသ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်တွင်လည်း ပဲတောင့်ရှည်၊ ခရမ်းသီး၊ ခဝဲသီး၊ မုန်လာဥ၊ မုန်လာရွက်၊ မုန်ညင်း၊ သခွား၊ ပိန်းဥ၊ ပီလောပီနံ၊ ကန်စွန်းရွက်နှင့် အခြားဟင်းသီးဟင်းရွက် ဧက၄၀၀ကျော် အပါအဝင် သီးနှံစုစုပေါင်း ဧက၇၀၀ကျော် စိုက်ပျိုးလျက်ရှိသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစံပြစခန်းတွင် ကျော်ဇေယျ၊ မနောသုခ၊ မနောထွန်း၊ ရွှေသွယ်ထွန်း၊ မော်ဘီဆန်း စပါးမျိုးများကို လက်တွေ့စိုက်ပျိုးပြီး တောင်သူလယ်သမားများအား နည်းပညာများ ပြသဖြန့်ဝေပေးလျက်ရှိသည်။ ကရင်ပြည်နယ်တွင် ၂၀၀၃-၂၀၀၄ခုနှစ် စိုက်ပျိုးရာသီ၌ မိုးစပါးဧက သုံးသိန်းကျော် စိုက်ပျိုးပြီးစီးလျက်ရှိရာ လျာထားချက်ဧကထက် ကျော်လွန်၍ စိုက်ပျိုးနိုင်ကြောင်းသိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကချမှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာရည်မှန်းချက်များ အောင်မြင်စေရေး၊ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက်သာမက ဒေသအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၀-၂၀၀၃
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အရေးပြိုင်ပွဲ
- ၈း၁၅ ၇။ ရွှေလီတံတား
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Say It in English
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၁၀)
- ၁၂း၁၅ ၅။ Milo Success In Soccer
- ၁၂း၂၅ ၆။ မြန်မာရုပ်ရှင် **"ပုဂံမှာသာတဲ့လ"** (ရန်အောင်၊ မင်းဦး၊ မေသန်းနု) [ဒါရိုက်တာ-မြတ်တင်အေး]
- ၁၄း၃၅ ၇။ မြန်မာအမျိုးသမီးများအားကစားဝင့်ဝင့်ကြွားကြွားကမ္ဘာတစ်လွှား
- ၁၄း၄၅ ၈။ International News
- ၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၂၅ ၃။ English For Everyday Use
- ၁၆း၄၀ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး
- ၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၂၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈း၃၀ ၉။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၁။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၁၉း၁၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၁၉း၂၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉း၄၀ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ၂၀၀၃ ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
- ၁၉။ Calcio Series Aဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အောက်တိုဘာ ၂၅ရက်က စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒသမအကြိမ်မြောက် မိသားစုဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကမ္ဘာအေးစေတီလမ်းရှိ စွမ်းအင်ခမ်းမှာ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး ဒေါ်ခင်မာအေးနှင့် စွမ်းအင်ဝန်ထမ်းမိသားစုများက ဆရာတော်ထံ ကထိန်လျာသင်္ကန်းများ ဆက်ကပ် လှူဒါန်းစဉ်။ (စွမ်းအင်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွား လာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရ နေ့ဖြစ်သည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၆-၁၀-၂၀၀၃) ရက်နေ့

ဗုဒ္ဓပူဇနီယပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဗုဒ္ဓပူဇနီယပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စွယ်တော်မြတ် စေတီတော်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ကြွရောက် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းဘုံကထိန်လျာ သင်္ကန်းဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၅

ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၃) ကြိမ်မြောက် စုပေါင်းဘုံကထိန်လျာ သင်္ကန်းဆက်ကပ်ပွဲကို နိုဝင်ဘာ ၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အာဇာနည်လမ်းရှိ ပခုက္ကူခမ်းမှာ၌ ကျင်းပမည်ဖြစ်သည်။

အလှူခံဌာနကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ပခုက္ကူခမ်းမှာ၌ ဖွင့်လှစ်ထားရာ ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ဖုန်း-၅၃၅၄၉၆၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးဆန်း ဖုန်း-၂၈၄၀၈၁၊ ၂၈၄၇၇၃၊ ဗိုလ်မှူးမြင့်သိန်း (ငြိမ်း) ဖုန်း-၅၅၈၁၄၀၊ ဒေါက်တာ လဝင်းမောင် ဖုန်း-၅၇၂၃၁၅၊ ၅၇၁၉၃၈နှင့် အတွင်းရေးမှူးဦးချစ်လှိုင် ဖုန်း-၃၇၂၃၃၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ–တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးများသို့တက်ရောက်ခဲ့ကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများအားလက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ–တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ–ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသော ဘရူးနိုင်းဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pehin Dato Haji Zakaria၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bouathong Vonglohamk၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhang Chunxian၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nikorn Chamnong၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Pham The Minh၊ ဂျပန်နိုင်ငံ ကုန်းလမ်းအခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yousuke Tsuruho၊ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန အထွေထွေအတွင်းရေးမှူး Dato Zahara Shaari ၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်သူ့လုပ်ငန်းညွှန်ကြားရေးမှူးချုပ် Mr. Chhin Kong Hean ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆက်သွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Kalalo Nugroho၊ စင်ကာပူသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Wong Kok Onn, James၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန လမ်းပို့ဆောင်ရေးစီမံကိန်းဌာန အကြီးအကဲ Mr. Arnel R. Manresa နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E. Ong Keng Yong တို့အား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အာဆီယံ–တရုတ်၊ ဂျပန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥက္ကာထွန်းအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❑ *တပ်မတော်မှ*

ဆက်လက်၍ အဋ္ဌမအကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို သာသနာ့ဗေယျာမင်္ဂလာပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆောင်၌ကျင်းပရာ အစီအစဉ်အရ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သာသနာ့ဗေယျာမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသ သာဓုအနုမောဒနာတရားနှင့်ရေစက်ချတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် အလှူတော် မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၂၅ ရက်က အစုလိုက် ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်းကို လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်တွင် ပြုလုပ်ရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ်မိခင်နှင့်ကလေး ဥက္ကဋ္ဌ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် လူမှုရေးအဖွဲ့အစည်းများပါဝင်၍ ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံပေးစဉ်။

(က–ပ)

ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်စည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်းအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ်၏ ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် သမဝါယမလုပ်ငန်းသည် နိုင်ငံတော်နှင့် နယ်မြေဒေသလူထုအတွက် အစဉ်အမြဲ လိုအပ်လျက်ရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျော ညီထွေသည့် လူမှုစီးပွားရေးလုပ်ငန်းကို သမဝါယမအသင်းများက ဆောင်ရွက်ကြရန်နှင့် သမဝါယမအသင်းများက ကိုယ်တိုင်ထုတ်လုပ်သည့် ပစ္စည်းများကို သုံးစွဲမည့် ပြည်သူလူထုလက်ဝယ်အရောက် ဖြန့်ဖြူးပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ပါရမီစာပေ အမှတ် ၂၃၀၊ ၂၉လမ်း၊(အထက်) ရန်ကုန် ဖုန်း– ၂၅၃၂၄၆၊ ၂/၄ ကမ္ဘာအေးစေတီတော် မုခ်ဦးစောင်းတန်း၊ ရန်ကုန် ၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်တို့ကဖြန့်ချိလိုက်သည့် ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ မဟောသဓသုခမိန်၏ ဖြတ်ထုံးများ ပထမတွဲ စာအုပ်မျက်နှာဖုံး။

(က–ပ)

အောက်တိုဘာ ၂၅ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့ဆောင်ရွက်မှုအဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များ၊ မြက်များကို ရှင်းလင်းကြစဉ်။ (က–ပ)

26-10 (3).p65 1 3/25/05, 3:28 PM

ပျက်စီးနေသည့်နိုင်ငံမှ အမြတ်ထုတ်လိုသူဘုရှ်ကို လက်မခံ မက်ဒရစ်မြို့တွင် ဆန္ဒပြသမား တစ်သောင်းခန့် ဆန့်ကျင်ဆန္ဒပြ

မက်ဒရစ် အောက်တိုဘာ ၂၄

စပိန်နိုင်ငံမြို့တော် မက်ဒရစ်တွင် ကျင်းပနေသော အီရတ်နိုင်ငံပြန်လည် တည်ဆောက်ရေး ရန်ပုံငွေရှာဖွေသည့် နိုင်ငံတကာအလှူရှင်များညီလာခံကို ကန့်ကွက်သူ လူထောင်ပေါင်းများစွာတို့သည် မက်ဒရစ်မြို့လယ်သို့ ကြာသပတေးနေ့တွင် ချီတက်ပြီး ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်ဟု သတင်းရရှိသည်။

အမေရိကန်တို့သည် လူသားချင်းစာနာထောက်ထားမှုအကြောင်းပြချက်ဖြင့် ဤနေရာသို့ရောက်ရှိနေခြင်းဖြစ်သည်ဟု အမေရိကန်တို့က ပြောကြောင်း၊ ရှောင်လွှဲနိုင်သည့် စစ်ကိုမရှောင်ဘဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် ပျက်စီးနေသည့် နိုင်ငံတစ်နိုင်ငံမှ အမြတ်အစွန်းရနိုင်သမျှရအောင် ထုတ်ယူရန် အမေရိကန်နှင့် အပေါင်းပါတို့ ကြိုးစားနေကြောင်း ဆန္ဒပြသမားတစ်ဦးဖြစ်သည့် ဒေးဗစ်လော်ရန်ထီဆိုသူက ပြောကြားသည်။

အသက်အရွယ် အမျိုးမျိုးပါဝင်သည့် ဆန္ဒပြသမားများက **ကျွန်ုပ်တို့သည် သင်တို့ လုယက်ယူငင်မှုကိုအည့်ခံလိမ့်မည်မဟုတ်၊ ဘုရှ်၏ ဒုက္ခသည်ထံမှအမြတ်ထုတ်မှုကို ကျွန်ုပ်တို့ လက်မခံ** ဟူသော စာသားများပါဝင်သည့် ရောင်စုံဆိုင်းဘုတ်များ ကိုင်ဆောင်လာကြသည်။

အဆိုပါ ဆန္ဒပြပွဲတွင် လူ၁၀၀၀၀ ပါဝင်ခဲ့သည်ဟု ဆန္ဒပြပွဲ ကျင်းပရေးမှူးများက ပြောသည်။

အမ်အင်အေ၊ရိုက်တာ

ကန့်ကွက်ဆန္ဒပြ

အောက်တိုဘာ၂၃ရက်က စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပသော အီရတ်ပြန်လည် တည်ဆောက်ရေးအတွက် အလှူရှင်နိုင်ငံများ ညီလာခံကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေးကုန်ကျစရိတ်ကိစ္စ အမေရိကန်တပ်များ မဆုတ်ခွာမချင်း ပြင်သစ် အလှူငွေပိုမထည့်

ဘဂ္ဂဒက် အောက်တိုဘာ ၂၃

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ကုန်ကျငွေကိုတစ်ဦးတည်း အခြေခံမတည်ပေးရန် အမေရိကန် ပြည်ထောင်စုက ငြင်းပယ်ခဲ့သည်။ ပြင်သစ်နိုင်ငံကလည်း အီရတ်နိုင်ငံမှ အမေရိကန်တို့မဆုတ်ခွာမချင်း အလှူငွေ ပိုမိုထည့်ဝင်မည်မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

ပြန်လည် တည်ဆောက်ရေးကာလ အီရတ်နိုင်ငံ၏ ကန်ထရိုက်လုပ်ငန်းများအားလုံးကို အမေရိကန်ကော်ပိုရေးရှင်းအားလုံးက လွှမ်းမိုးထားသည်။ သို့ရာတွင် အီရတ်နိုင်ငံ၌ အမေရိကန်တို့ ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံနေရသည့်အတွက် ဘက်တဲလ်ကုမ္ပဏီမှ အင်ဂျင်နီယာများသည် ကျည်ကာအင်္ကျီများ ဝတ်ဆင်ထားကြရသည်။ အမေရိကန်တို့ ဗုံးကြဲခဲ့သည့်နေရာတွင် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ကြရသည့် အမေရိကန်အင်ဂျင်နီယာများအဖို့ ခံစားမှုများ ရောထွေးနေသည်။

အီရတ်၏ စစ်ဘက်ဆိုင်ရာ ပစ်မှတ်မဟုတ်သည့် အဆောက်အအုံများကို ဗုံးကြဲဖျက်ဆီးခဲ့ပြီးမှ ပြန်လည်တည်ဆောက်ရေးလုပ်ကိုင်နေကြသည့် အမေရိကန်တို့မှာ အကျိုးအမြတ်များ ရရှိနိုင်နေသည်။

ဆောက်လုပ်ဆဲ အဆောက်အအုံနေရာများကို ဒုံးကျည်များနှင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်ခြင်းခံရခြင်းကြောင့် နိုင်ငံသားများအတွက် အကာအကွယ်လိုအပ်နေပြီး လုံခြုံရေးထူထပ်စွာချထားရသည်။ ထို့အပြင် ဘာ့သ်ပါတီဝင်များ၏ အန္တရာယ်အတွက်လည်း ၎င်းတို့စိုးရိမ်ကြောက်ရွံ့နေရကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

ဘာကူဘာမြို့၌ အမေရိကန် စစ်ယာဉ်တန်းဗုံးထိမှန် တပ်ဖွဲ့ဝင်တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံအရှေ့ပိုင်း ဘာကူဘာမြို့အနီး ကြာသပတေးနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်မြို့အရှေ့ဘက် ကီလိုမီတာ ၆၀အကွာရှိ အဆိုပါ ဘာကူဘာမြို့အနီး ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အမှတ်(၄) ခြေလျင်တပ်မှ တပ်ဖွဲ့ဝင်များစီးလာသည့် ယာဉ်တန်းဗုံးထိမှန်ပြီး ယခုကဲ့သို့ သေကျေဒဏ်ရာရရှိခြင်းဖြစ်သည်။

မေ ၁ရက်နေ့ နောက်ပိုင်း ဝါရှင်တန်က အီရတ်စစ်ပွဲပြီးစီးသွားကြောင်း ကြေညာခဲ့ချိန်မှစ၍ ဆက်လက်ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၀၅ဦးရှိသွားပြီး ဖြစ်သည်။

ထို့အပြင် အီရတ်တွင် တာဝန်ထမ်းဆောင်နေရသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် အနည်းဆုံး ၁၃ဦးမှာ စိတ်ဓာတ်ဖိစီးမှုကြောင့် ကိုယ့်ကိုယ်ကို သတ်သေခဲ့ကြသည်ဟု အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။

ဧပြီလတွင် အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျသွားသည်။ ထို့နောက်ပိုင်း၌ ဖြစ်ပွားလာသော ပြောက်ကျား ခုခံတိုက်ခိုက်မှုများအတွင်း လက်လုပ်ဗုံးများကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး လမ်းများပေါ်တွင် ဗုံးထောင်ကာ တိုက်ခိုက်လာကြသည်။ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ဗုံးနှစ်လုံးတင်ဆောင်လာသော ကားတစ်စီးကို ပြီးခဲ့သော ကြာသပတေးနေ့က တွေ့ရှိခဲ့ကြပြီးနောက် ထိုကိစ္စနှင့်ပတ်သက်နေသူ အမျိုးသားနှစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြသည်ဟု အီရတ်ရဲဘက်မှ သတင်းများက ဆိုသည်။

ထိုလူများကို ဖမ်းဆီးစဉ်အတောအတွင်း တစ်ရက်တည်း၌ပင် နောက်ထပ် ဗုံးနှစ်လုံးကိုလည်း ဆက်လက်သိမ်းဆည်းမိခဲ့သည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကြာသပတေးနေ့က အမေရိကန်စခန်းတစ်ခုကို တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်များ၏ လက်ချက်ဖြင့် အီရတ်နှစ်ဦးသေဆုံးသွားပြီး တစ်ဦးဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။ **အင်တာနက်၊ဆင်ဟွာ**

အောက်တိုဘာ ၂၄ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေး အမေရိကန်ချုပ်ကိုင်မည်ယူဆပြီး နိုင်ငံအတော်များများအလှူငွေထည့်ဝင်ရေးသဘောတူချက်ပေးရန် နှောင့်နှေး

မက်ဒရစ် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေပိုမိုအကူအညီပေးရန်စပိန်နိုင်ငံမက်ဒရစ်မြို့၌ကျင်းပသော နိုင်ငံတကာ အလှူရှင်နိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ၌ ကုလသမဂ္ဂအဖွဲ့က တိုက်တွန်း ပြောကြားခဲ့သည်။

အလှူရှင်နိုင်ငံများက ထည့်ဝင်ကူညီသော ယင်းရန်ပုံငွေကို ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂအဖွဲ့က ထိန်းချုပ်ထားမည်ဖြစ်ပြီး စေတနာရှင် နိုင်ငံများမှ ထည့်ဝင်ငွေ အမြောက်အမြားရရှိမည်ဟု ရန်ပုံငွေရှာဖွေရေးအဖွဲ့ဝင်များက မျှော်လင့်ထားကြသည်။

သို့ရာတွင် အီရတ်ပြန်လည် တည်ဆောက်ရေး လုပ်ငန်းစဉ်ကို အမေရိကန်တို့က ချုပ်ကိုင်မည်ဟု ယူဆခဲ့ခြင်းကြောင့် နိုင်ငံအတော်များများက အလှူငွေထည့်ဝင်ရေးသဘောတူညီချက်ပေးရန် နှောင့်နှေးခဲ့ကြသည်။ ယင်းညီလာခံ၌ အီရတ်နိုင်ငံတည်ငြိမ်ရေးအတွက် ငွေကြေး အရေးတကြီးလိုအပ်ကြောင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဩစတြေးလျပါလီမန်၌ ဘုရှ်မိန့်ခွန်းပြောကြားစဉ် အမတ်နှစ်ဦးက ဟန့်တားနှောင့်ယှက်ပြီးကန့်ကွက်

ဆစ်ဒနီ အောက်တိုဘာ ၂၄

အမေရိကန်သမ္မတ ဘုရှ်၏မူဝါဒကို ဩစတြေးလျနိုင်ငံတွင်းမှ သဘောမကျမှုများကို ဖော်ပြသည့်အနေဖြင့် ဩစတြေးလျပါလီမန်တွင် သမ္မတဘုရှ်မိန့်ခွန်း ပြောကြားစဉ် အမတ်နှစ်ဦးက ဟန့်တားနှောင့်ယှက်ကန့်ကွက်ခဲ့သည်။

ထို့အပြင် ပါလီမန်အဆောက်အအုံ အပြင်ဘက်နှင့် အမေရိကန်သံရုံးတွင် ဆန္ဒပြသူများက အမေရိကန်သမ္မတကို ရန်လိုသူဟု လှောင်ပြောင်ခေါ်ဆိုပြီး ဩစတြေးလျနိုင်ငံမှ ထွက်ခွာသွားရန် တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြမှုသည် ငြိမ်းငြိမ်းချမ်းချမ်းရှိသည်ဟု ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားခဲ့သော်လည်း လူအတော်များများကို ထိန်းသိမ်းခဲ့ရသည်ဟု ဆိုသည်။ **(စီအင်န်အင်န်)**

မတရားကျူးကျော်စစ်ကြောင့် အတိဒုက္ခရောက်နေရသည့်အီရတ်ပြည်သူများ၏ဘဝ

အောက်တိုဘာ ၂၃ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့မြောက်ဘက် လယ်ကွင်းပြင်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးအား အဓမ္မဖမ်းဆီး၍ မျက်နှာကို အဝတ်ဖြင့်ပိတ်စည်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်စစ်မြေပြင် မြင်ကွင်း

အီရတ်၌လုံခြုံရေးကင်းမဲ့နေ အီရတ်ပြည်သူများ စိုးရိမ်ပူပန်စွာနေထိုင်ကြရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်ပြည်သူများသည် စစ်ပြီးကာလတွင် နိုင်ငံအတွင်း၌ လုံခြုံရေးနှင့် တည်ငြိမ်မှုကင်းမဲ့ခြင်းတို့ကြောင့် နေ့စဉ် စိုးရိမ်ပူပန်စွာ နေထိုင်ကြရပြီး အီရတ်နိုင်ငံကို အမေရိကန်တို့သိမ်းပိုက်ထားမှု ဘယ်လောက်ကြာဦးမည်ဆိုသည်ကို မသိကြရသည့်အတွက်လည်း စိုးရိမ်နေကြကြောင်း သိရသည်။

ထို့ပြင် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု အမြန်ဆုံးပြန်လည်ရရှိရေးသည် အီရတ်ပြည်သူများအတွက် အဓိက အလေးအနက်ထားရမည့်ကိစ္စ ဖြစ်နေသည်။ အမေရိကန်တို့သိမ်းပိုက်ထားမှု အချိန်ကြာမြင့်သည်နှင့်အမျှ အီရတ်ပြည်သူတို့မှာ မလွတ်လပ်မှုဒုက္ခကို ပိုမိုခံစားနေကြရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ခုခံတိုက်ခိုက်သူတို့၏ တိုက်ပွဲများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စည်းကမ်းမဲ့ပစ်ခတ်မှု၊ အဓမ္မဖမ်းဆီးမှု၊ ကြမ်းတမ်းခက်ထန်စွာ ဝင်ရောက်စီးနင်းမှုများကြောင့် အီရတ်ပြည်သူတို့မှာ တစ်ပူပေါ်နှစ်ပူဆင့်လျက် ဒုက္ခကြီးမားစွာ ခံစားနေရသည်။

ထို့အပြင် အီရတ်ပြည်သူအများစုမှာ အမေရိကန်တို့ကျူးကျော်တိုက်ခိုက်ပြီးနောက်ပိုင်း စားဝတ်နေရေး ပြဿနာများ၊ အလုပ်လက်မဲ့ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် လက်နက်များနှင့် ခုခံတိုက်ခိုက်သူများကို လိုက်လံရှာဖွေဖမ်းဆီးရာတွင် အိမ်များအတွင်း အတင်းအဓမ္မဝင်ရောက်ပြီး အမျိုးသမီးများကိုပါ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပြီးခဲ့သော သီတင်းပတ်က အီရတ်နိုင်ငံ ခါဒီရာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ရာတွင် ဖမ်းဆီးခြင်းခံရသည့် အီရတ်အမျိုးသမီးများအနက် အီရတ်အမျိုးသမီးကြီး နှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်တပ်များ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီးနောက် အီရတ်ပြည်သူအများစုမှာ စစ်ပွဲ၏ဒဏ်ကို ခါးစည်းခံနေကြရသည်။ ပုံမှာ အီရတ်ကလေးငယ်များ ဖြစ်သလို သွားလာလှုပ်ရှားစားသောက်နေကြရသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အောက်တိုဘာ ၂၃ ရက်တွင် ရာပေါင်းများစွာသော အီရတ်မိသားစုများက အမေရိကန်တို့ဖမ်းဆီးသွားသော အမျိုးသမီးများကိုပြန်လွှတ်ပေးရန်ဆန္ဒပြနေကြစဉ်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သော သီတင်းပတ်က ခါဒီရာမြို့၌ မိုးမလင်းမီ လျှပ်တစ်ပြက် ဝင်ရောက် စီးနင်းတိုက်ခိုက်ပြီး အီရတ်အမျိုးသမီးများကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်ဟု သိရသည်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦး၏ခေါင်းကို အိတ်စွပ်ပြီး လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အလံဝှေ့ယမ်းဆန္ဒပြ

အောက်တိုဘာ ၂၃ ရက်က အီရတ်နိုင်ငံ ခါဒီရာမြို့လမ်းမကြီးပေါ်တွင် အီရတ်နိုင်ငံအလံကိုဝှေ့ယမ်းပြီး အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်လူငယ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာဆက်ဆံရေး၌ဒီမိုကရေစီထွန်းကားရေး ကုလအဓိကကျ ကုလသမဂ္ဂနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထား ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားတွင် တရုတ်ပြောကြား

ဘေဂျင်း အောက်တိုဘာ ၂၃

ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် နိုင်ငံတကာဆက်ဆံရေးတွင် ဒီမိုကရေစီနည်းကျဆက်ဆံမှုပိုမိုထွန်းကားရေးအတွက် ဆောင်ရွက်ရာ၌ လည်းကောင်း၊ နိုင်ငံစုံဝါဒကိုအကောင်အထည်ဖော်ရာ၌လည်းကောင်း အကောင်းဆုံးနေရာကြီးတစ်ခုဖြစ်ကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာကြီးအားအန္တရာယ်ပြုနေသည့် စိန်ခေါ်မှုဆိုင်ရာ ဘုံအန္တရာယ်များကို တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးလီကျင်ရှန်က အင်္ဂါနေ့တွင် ပြောကြားသည်။

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ ကျင်းပသော အခမ်းအနားတစ်ရပ်တွင် ယင်းကဲ့သို့ ပြောကြားသွားခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစဉ်အလာပြဿနာများကို ဖြေရှင်းသွားရန်လိုအပ်နေဆဲဖြစ်နေသေးကြောင်း၊ သို့ရာတွင် ဆင်းရဲတွင်းနက်မှုပြဿနာ၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုပြဿနာနှင့် အကြမ်းဖက်မှုပြဿနာ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ တို့ကဲ့သို့သော ပြဿနာရပ်များသည်လက်ရှိစိန်ခေါ်မှုအသစ်များ ဖြစ်နေသေးကြောင်းဖြင့်လည်း ပြောကြားသွားသည်။

နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခြင်း၊ အချင်းချင်းအပြန်အလှန် နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ဆောင်ရွက်ခြင်း၊ စုပေါင်းဖြေရှင်းခြင်းနှင့် တစ်ကမ္ဘာလုံး မိတ်ဖက်များဖြစ်အောင် ဖန်တီးပေးခြင်းတို့သည်သာလျှင် ယင်းစိန်ခေါ်မှုအန္တရာယ် အခက်အခဲများမှ လွတ်မြောက်လွှားနိုင်မည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသွားသည်။

ကုလသမဂ္ဂသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ရရှိအောင် ဦးဆောင် လုပ်ကိုင်သင့်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုလသမဂ္ဂ၏ အခွင့်အာဏာများကို မဆုတ်မနစ်ထောက်ခံပြီး လိုက်နာဆောင်ရွက်နေကြောင်း၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလက်ခံထားပြီး ယင်းအခန်းကဏ္ဍကို ခိုင်မာအောင်ဆောင်ရွက်နေကြောင်းလည်းပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ

အခြားအကြမ်းဖက်ပုံစံနှင့်မခြား စီးပွားရေးအကြမ်းဖက်အန္တရာယ်ရှိလာ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက် အင်ဒိုနီးရှား၌ ပြောကြား

ဂျကာတာ အောက်တိုဘာ ၂၃

စီးပွားရေးအကြမ်းဖက်ဝါဒသည် အန္တရာယ်ပြုနေပြီဖြစ်ကြောင်း၊ ယင်းစီးပွားရေးအကြမ်းဖက်ဝါဒအန္တရာယ်သည် အခြားသော အကြမ်းဖက်ပုံစံများနှင့် မခြား ကြောက်စရာကောင်းလှကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ယနေ့ကာလတွင် အကြမ်းဖက်ဝါဒသည် ပုံစံမျိုးစုံဖြင့်ပေါ်ထွန်းလာနေကြောင်းဖြင့်လည်း ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ယိုဂျကာတာမြို့သို့ သွားရောက်လည်ပတ်စဉ် မဟာသီမိုဟာမက်က ယင်းကဲ့သို့ ပြောကြားသွားခြင်းဖြစ်သည်။

အာရှတိုက်ဒေသအချို့တွင် ၁၉၉၇ခုနှစ်က ငွေကြေးအကျပ်အတည်းဖြစ်ပေါ်စေခဲ့သည့် မူမမှန်သော ငွေကြေးရောင်းဝယ်မှုမျိုးသည် အခြားသော အကြမ်းဖက်ပုံစံကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုမျိုးနှင့် အလွန်တရာပင် တူညီနေကြောင်းဖြင့်လည်း မဟာသီမိုဟာမက်က ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှား တီဗွီ-၇ အစီအစဉ် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသွားခြင်း ဖြစ်ကြောင်းလည်း သိရသည်။

မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်သည် အရှေ့တောင်အာရှအင်ဂျင်နီယာအဖွဲ့ချုပ်က ချီးမြှင့်သည့်ဆုကို လက်ခံရယူရန် ယိုဂျကာတာမြို့သို့ အလွတ်သဘောရောက်ရှိလာခြင်းဖြစ်သည်ဟုလည်း သိရသည်။ အခမ်းအနားတွင် မဟာသီမိုဟာမက်က မိန့်ခွန်းပြောကြားရာ၌ ချမ်းသာသည့်နိုင်ငံများ ပိုမို ချမ်းသာစေပြီး ဆင်းရဲနွမ်းပါးသည့် နိုင်ငံများ ဆင်းရဲတွင်း ပိုနက်စေရေးအတွက် လက်နက်ကိရိယာအဖြစ် အသုံးချခံနေရသော ကမ္ဘာ့ဘဏ်(အိုင်အမ်အက်ဖ်)နှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) တို့ကိုလည်း မဟာသီမိုဟာမက်က ပြစ်တင်ဝေဖန် ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ

ခေါင့်ကြပ်

ဘဂ္ဂဒက်မြို့ မြောက်ဘက် ဆာမာရာတွင် စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေရပ်နှင့်ဝေးပြီး ပူဆွေးသောကရောက်နေသူ အီရတ်ရှိအမေရိကန်တပ်ဖွဲ့ဝင်များ မိမိကိုယ်ကိုမိမိ သေကြောင်းကြံသတ်သေမှုများပြားလာနေ

တီကရစ်(အီရတ်) အောက်တိုဘာ ၂၄

အီရတ်နိုင်ငံတွင် မိမိကိုယ်မိမိ သေကြောင်းကြံသတ်သေခဲ့ကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် များသောအားဖြင့် နေရပ်ဒေသသို့ မပြန်နိုင်ကြ၍ ဖြစ်လိုရာဖြစ်ကြံမိကြံရာ ဖွတ်လုပ်ခဲ့ကြခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်တိုက်ပွဲဝင်အရာရှိတစ်ဦးက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးထက်မနည်းမှာ မိမိကိုယ်မိမိ သတ်သေသွားကြခြင်းဖြစ်ကြောင်း၊ စစ်ပွဲကြောင့် မဟုတ်ဘဲ သေဆုံးသွားသူအားလုံး၏ ၁၀ ရာခိုင်နှုန်းကျော် ရှိကြောင်း၊ ယင်းကဲ့သို့ သတ်သေမှုများကို ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း ကပ္ပတိန်ဂျက်စတင်ကိုးလ်က ပြောသည်။

အမေရိကန်တပ်ဖွဲ့ဝင်အများစုမှာ နေရပ်ဒေသနှင့်ဝေးပြီး ပူဆွေးသောကရောက်ရှိနေကြရကြောင်းဖြင့်လည်း ပြောကြားသွားသည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲတွင် အမေရိကန် ၃၄၅ ဦး သေဆုံး ဒဏ်ရာရရှိသူ ၁၆၂၀ ဦးအထိရှိကြောင်း ကြေညာ

ဝါရှင်တန် အောက်တိုဘာ ၂၄

အောက်တိုဘာ ၂၃ ရက်ကြာသပတေးနေ့အထိ ရရှိသောစာရင်းများအရ အီရတ်နိုင်ငံတွင် အမေရိကန်တို့စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင် ၃၄၅ ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀၊ ဒိန်းမတ်တစ်ဦးနှင့် ယူကရိန်းတစ်ဦးတို့သေဆုံးခဲ့ကြောင်း ဗြိတိသျှစစ်ဘက်က ကြေညာသည်။

အီရတ်စစ်ပွဲကြီး ပြီးဆုံးပြီဟု အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ကြေညာခဲ့သည့် မေလ ၁ ရက်နှင့် နောက်ပိုင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၅ ဦးအထိ သေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်သည့် စာရင်းဇယားများ၌ လေ့လာတွေ့ရှိရသည်။

အီရတ်စစ်ပွဲစတင်ခဲ့ချိန်မှစပြီး ရန်ပြုတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၁၆၂၀ ဦးရှိပြီဟု အမေရိကန်ဗဟိုစစ်ဌာနချုပ်က ကြေညာသည်။ ရန်ပြုတိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ ဒဏ်ရာရှိသူ ၃၃၈ ဦး ရှိကြောင်းလည်း သိရသည်။ **(အင်တာနက်)**

အမျိုးအမည်မသိ ရောဂါဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အမျိုးအမည်မသိသည့် ရောဂါကြောင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့၌ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်သည် အမှတ်(၁)သံချပ်ကာတပ်မှဖြစ်ပြီး ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ညနေ ၉ နာရီတွင် အိပ်ဆောင်၌ မေ့လဲသွားသဖြင့် ဆေးရုံသို့ ပို့လိုက်ပြီးနောက် ဆေးရုံတွင် သေဆုံးသွားကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်စစ်ပွဲပြီးဆုံးပြီဟု အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ကြေညာခဲ့သည့် မေ ၁ ရက်နောက်ပိုင်းတွင် မတော်တဆမှု၊ မှားယွင်းပစ်ခတ်မှုနှင့် အခြားရန်ပြုတိုက်ခိုက်မှုကြောင့် မဟုတ်သည့် မတော်တဆမှုတို့ကဲ့သို့သော စစ်ပွဲနှင့်မဆိုင်သည့်ဖြစ်ရပ်များကြောင့် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၃ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တစ်သမတ်တည်း စည်းလုံးညီညွတ်သော အာဆီယံ

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နေ့များက အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် အောင်မြင်စွာကျင်းပခဲ့သည့် အာဆီယံအသင်းကြီး၏ နဝမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသည် အရှေ့တောင်အာရှ ဒေသတစ်ခုလုံး (ဝါ) အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် ၁၀ နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ပိုမိုတိုးမြင့်ပြသခဲ့ပေသည်။

အာဆီယံ+၃ ထိပ်သီးအစည်းအဝေး(အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံ)၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ အစည်းအဝေးများကလည်း အာဆီယံနှင့် အာရှနိုင်ငံများ၏ စည်းလုံးမှု၊ ချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အခြေအနေကောင်းကို ပြသနိုင်ခဲ့လေသည်။

အာဆီယံအသင်းကြီးကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ငါးနိုင်ငံပါဝင်သော အာဆီယံသို့ ဗီယက်နမ်နိုင်ငံက ဆဋ္ဌမမြောက် အသင်းဝင်အဖြစ် ဝင်ရောက်မည်ဆိုစဉ်က အမေရိကန်နှင့် အနောက်အုပ်စုက ဗီယက်နမ်ကို လက်မခံရန် ဖိအားပေးခဲ့သည်၊ ကန့်ကွက်ခဲ့သည်။ သို့သော် အာဆီယံက အနောက်၏ စွက်ဖက်မှုကို ပယ်ချကာ ဗီယက်နမ်နိုင်ငံကို ဆဋ္ဌမမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် တစ်ခဲနက် လက်ခံခဲ့သည်။ ဗီယက်နမ်နိုင်ငံက ကွန်မြူနစ်အစိုးရ အုပ်ချုပ်သော နိုင်ငံဖြစ်၍ အမေရိကန်က ၎င်း၏ နိုင်ငံရေးအကျိုးငှာ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံများဖြစ်သည့် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အာဆီယံသို့ ဝင်ရောက်ကြတော့မည့်အခါ အမေရိကန်က နည်းမျိုးစုံသုံးပြီး ဟန့်တားခဲ့သည်၊ ဖိအားပေးခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံကို အာဆီယံတွင် လက်မခံရန် ကျန်အဖွဲ့ဝင်နိုင်ငံများကို ဖိအားပေးတောင်းဆိုလာသည်။ မြန်မာနိုင်ငံကိုလက်ခံရန် အာဆီယံနိုင်ငံများက နောက်တွန့်သွားစေရန် ၁၉၉၇ ခုနှစ် ဧပြီလတွင် အမေရိကန်သမ္မတ ကလင်တန်အစိုးရက မြန်မာနိုင်ငံတွင် အမေရိကန် ရင်းနှီးမြှုပ်နှံမှုအသစ်များ မပြုလုပ်ရဟု ပိတ်ဆို့ဟန့်တားမှု ချမှတ်ခဲ့သည်။

၂၉-၄-၉၇ ရက်နေ့ထုတ် Business Day သတင်းစာတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီအလာတပ်စ်က မြန်မာနိုင်ငံအပေါ် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုနှင့် မြန်မာနိုင်ငံအား အာဆီယံတွင် လက်မခံရန် အမေရိကန်၏ စွက်ဖက်ပြောဆိုမှုများကို ကန့်ကွက်ပယ်ချလိုက်သည့် သတင်းဖော်ပြထားသည်။ ထိုစဉ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း အမေရိကန်၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကို ပြစ်တင်ဝေဖန်ကြပြီး ထိုသို့ စီးပွားရေးပိတ်ဆို့ခြင်းသည် မြန်မာနိုင်ငံအား အာဆီယံသို့ မဝင်နိုင်ရန် ဟန့်တားနိုင်ခြင်းမရှိဟု တညီတညွတ်ပြောကြားခဲ့ကြသည်။

၂၃-၄-၉၇ ရက်နေ့တွင် မလေးရှားဝန်ကြီးချုပ် ဒေါက်တာ မဟာသီမိုဟာမက်က "ကျွန်ုပ်ကို အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုက မြန်မာနိုင်ငံ အာဆီယံအသင်းဝင်ဖြစ်ရေးအတွက် နှောင့်နှေးမှုဖြစ်စေမှာလားလို့ မေးရင် ကျွန်ုပ်ကတော့ No. No. No. ဘယ်တော့မှ မနှောင့်နှေးစေရဘူး၊ အခု ကျွန်ုပ်တို့အနေနဲ့ မြန်မာနိုင်ငံ အာဆီယံအသင်းထဲ ပါဝင်လာစေဖို့ အပူတပြင်း ကြိုးစားနေကြပါတယ်ဗျား"ဟု ပြောပြသည်။

၂၃-၄-၉၇ ရက်နေ့မှာပင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယုက "အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုဟာ မြန်မာနိုင်ငံ အာဆီယံအသင်းဝင်ဖြစ်ရေးကို ဘယ်လိုမှ အနှောင့်အယှက်မဖြစ်ပါဘူး။ ကျွန်ုပ်တို့ အာဆီယံအသင်းကြီးဟာ မိမိဆုံးဖြတ်ချက်၊ မိမိသဘောတူညီချက်အပေါ် တခြားနိုင်ငံများက ဝင်ရောက်သြဇာပေးတာမျိုး လက်မခံပါဘူး"ဟု ပြောခဲ့သည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးကိုယ်စား ပြောရေးဆိုခွင့်ရှိသူ ဂက်ဖာဖာဒီက ၂၃-၄-၉၇ ရက်နေ့မှာပင် "မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုဟာ အကျိုးမရှိဘူးလို့ ကျွန်ုပ်တို့ အစကတည်းက ယုံကြည်ထားပြီးသားပါ"ဟု ပြောသည်။

၂၄-၄-၉၇ ရက်နေ့တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးကလည်း အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကို ပြစ်တင်ဝေဖန်ပြီး "အပြုသဘောဆောင်တဲ့ ချဉ်းကပ်ဆွေးနွေးမှုမျိုးဖြင့်သာ ရန်ကုန်ရဲ့ ပြုပြင်ပြောင်းလဲမှု တိုးတက်ရရှိမှာဖြစ်ပါတယ်" ဟု ပြောခဲ့သည်။ ထိုပိတ်ဆို့မှုက မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးအတွက် မည်သို့မျှ ထိခိုက်မည်မဟုတ်ဟူ၍လည်း ဆက်လက်ပြောကြားသည်။

၂၅-၄-၉၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒိုမင်ဂိုစီယာဇွန်က မိမိတို့သည် ဒေသတွင်း နိုင်ငံတစ်ခုအား အဖွဲ့ဝင်အဖြစ် လက်ခံခြင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းသာဖြစ်သည်ဟု ထောက်ပြသည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဘာဒါဝီက "မြန်မာကို အာဆီယံအဖွဲ့ဝင်ဖြစ်စေတာဟာ ဒေသတိုးတက်ရေး မဟာဗျူဟာအရပဲ ဖြစ်တယ်။ မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံဖို့ ကျွန်ုပ်တို့ဆုံးဖြတ်ပြီးပြီဖြစ်တယ်။ ဒါဟာ အာဆီယံရဲ့ ရပ်တည်ချက်ပဲဖြစ်တယ်။ ဒီအာဆီယံကိစ္စကို ကျွန်ုပ်တို့က အမေရိကန်ထက်ပိုပြီး နားလည်တာပေါ့ဗျာ"ဟု ပြောကြားသည်။

ဤသို့ဖြင့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား သုံးနိုင်ငံ အာဆီယံသို့ ဝင်ရောက်ခဲ့ကြသဖြင့် အာဆီယံသည် အရှေ့တောင်အာရှ ဒေသတစ်ခုလုံးကို ရာနှုန်းပြည့် ကိုယ်စားပြုသော တင်းပြည့် အင်ပြည့်အားပြည့်အသင်းကြီးဖြစ်လာခဲ့သည်။ အာဆီယံအသင်းဝင် ၁၀ နိုင်ငံတွင် လူဦးရေစုစုပေါင်း သန်း ၅၀၀ ကျော်သည်။ အသင်းကြီး ဖွဲ့စည်းစအချိန်မှစ၍ အသင်းကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုဟု မူချမှတ်ကျင့်သုံးလာခဲ့သည်မှာ ၃၆ နှစ် ရှိခဲ့ပေပြီ။

အာဆီယံဝင်နိုင်ငံ ၁၀ နိုင်ငံသည် လူမျိုးချင်းမတူ၊ ကိုးကွယ်သော ဘာသာချင်းကွဲပြား၊ ခံယူသော နိုင်ငံရေးစနစ်ချင်းလည်းမတူ ခြားနားကြသည်။ နိုင်ငံတိုင်းတွင် ပြည်တွင်း၌ ပြည်တွင်းပြဿနာ အနည်းနှင့်အများ ရှိကြသည်။ ထိုသို့သာ လူမျိုးမတူ၊ ဘာသာကွဲ၊ နိုင်ငံရေးအယူ ခြားနားရုံဖြင့် ပြည်တွင်းရေးပြဿနာ အထိုက်အလျောက်ရှိနေရုံဖြင့် တစ်နိုင်ငံပြည်တွင်းရေးကို အခြားအဖွဲ့ဝင်နိုင်ငံ၊ သို့မဟုတ် အာဆီယံအသင်းကြီးအနေဖြင့် ဝင်ရောက်စွက်ဖက်နေလျှင် စည်းလုံးညီညွတ်မှု မရရှိနိုင်ချေ။ စနစ်၊ ဝါဒ၊ ဘာသာချင်း မတူသည့်တိုင် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သော အလေ့အထသည် အာရှ၏ မွန်မြတ်သော အစဉ်အလာကောင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် အာဆီယံအသင်းဝင်ဖြစ်လာပြီးနောက် အာဆီယံလုပ်ငန်းစဉ်များ၌ မြန်မာနိုင်ငံသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန်၊ ဖိအားပေးရန် အနောက်က လိုလားသမျှ မြန်မာက မလိုက်နာလျှင် မြန်မာကို အာဆီယံကထုတ်ပစ်ရန် အမေရိကန်အစိုးရက ဣန္ဒြေပင်မဆည်နိုင်ဘဲ လုပ်ဆောင်လာခဲ့သည်။

၂၀၀၃ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလများ တစ်လျှောက် အမေရိကန်က မြန်မာနိုင်ငံကို ဖိအားပေးရန် လိုလားသည့်အတိုင်း မြန်မာက ဆောင်ရွက်လာအောင် အာဆီယံက ညှပ်ပူးညှပ်ပိတ် အကျပ်ကိုင်ရန်၊ မလိုက်နာလျှင် အာဆီယံမှ မြန်မာကို ထုတ်ပစ်ရန် ထုံးစံအတိုင်း စွက်စွက်ဖက်ဖက် ပြောဆို၊ ရေးသား၊ လုပ်ကိုင်လာသည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၆၊ ၇၊ ၈ ရက်နေ့များတွင် ကျင်းပသည့် အာဆီယံ နဝမအကြိမ် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံစလုံးက ဖိအားပေးတော့မည်ဟု အနောက်မီဒီယာများက မနေမနား ဘေးတီးကြ၊ လှုံ့ဆော်ကြ၊ ဟောကိန်းထုတ်ကြသည်။

တက္ကသိုလ်မြတ်သူ

ထိုအနောက်မှလူများနှင့် အနောက်ကို မှီခိုကပ်ရပ် စားသောက်နေကြရသော မြန်မာအမျိုးသားသစ္စာဖောက် ပြည်ပြေးများ၊ ဝရမ်းပြေးများ၊ တရားခံပြေးများသည် အာဆီယံအသင်းဝင် ၁၀ နိုင်ငံနှင့် ယင်း ၁၀ နိုင်ငံမှ လူဦးရေသန်း ၅၀၀ ထက်၊ ၎င်းတို့ရွတ်ဆိုနေကျ လူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၏ မျက်နှာကိုသာ ကြည့်ကာ အပျက်တရား ရေးရှုအော်ဟစ်နေကြခြင်းဖြစ်ကြောင်း မြန်မာတိုင်းသိသည်။

သို့သော် အာဆီယံကတော့ မိမိတို့ အသင်းအဖွဲ့ကြီး ကိုယ်စားပြုရာ လူဦးရေသန်း ၅၀၀ ကျော် (မြန်မာပြည်သူ ၅၂ သန်းကျော်အပါအဝင်)၏ မျက်နှာကိုသာ ကြည့်ကြသည်။

အောက်တိုဘာ ၆၊ ၇၊ ၈ ရက်နေ့ အလုပ်သဘော ညစာစားပွဲ၊ နေ့လယ်စာစားပွဲ၊ ထိပ်သီးအစည်းအဝေးများ၊ နှစ်နိုင်ငံချင်း ဆွေးနွေးပွဲများ၊ သဘောတူစာချုပ် လက်မှတ်ထိုးပွဲများတွင် ထိုသူတို့ ပြောစေ၊ ရွတ်စေချင်သော နာမည်ကို တစ်လုံးမျှ မပြောချေ။ ထိုနာမည်ဆိုသည်မှာ ယခုအခါ ဆေးရုံမှဆင်းပြီး နေအိမ်တွင် အနားယူနေသော ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။ ဒေါ်စုကြည်ကိုယ်တိုင်နှင့် မြန်မာအစိုးရတို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ ဒေါ်စုကြည်၏ မိသားစုဆရာဝန်မှအပ ဒေါ်စုကြည်ကိုယ်တိုင်က မည်သည့်ဧည့်သည်ကိုမှ အတွေ့မခံခြင်းဖြစ်သည်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ခေါင်းဆောင် ၁၀ ဦးသာ ပါဝင်သည့် အလုပ်သဘော အလွတ်ဆွေးနွေးပွဲတစ်ရပ်ကို ၆-၁၀-၂၀၀၃ ရက်နေ့ ညက (အလုပ်သဘော ညစာစားပွဲအပြီး)ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံတော်က ရှေ့ဆက်သွားမည့် ဒီမိုကရေစီလမ်းပြမြေပုံ [ရှေ့လုပ်ငန်းစဉ် (၇)ရပ်]ကို ထိုဆွေးနွေးပွဲမှာပင် ထိုင်း၊ မလေးရှား၊ စင်ကာပူဝန်ကြီးချုပ်များက ထောက်ခံ ဆွေးနွေးကြသည်။ အခြား အာဆီယံခေါင်းဆောင်များက နိုင်ငံတော်ဝန်ကြီးချုပ်အား ချီးကျူးစကားပြောကြသည်။ ကွန်ဂရက်ကျူလေးရှင်းလုပ်ကြသည်။

မြန်မာ သတင်းစာများတွင် ဖော်ပြခဲ့သည့်အတိုင်း မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားခေါင်းဆောင်များ၊ တရုတ်ဝန်ကြီးချုပ်တို့နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးကြရာ၌ ထိုခေါင်းဆောင်အားလုံးက မြန်မာနိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းပြမြေပုံကို ချီးကျူးထောက်ခံကြသည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံအတွက် ပြည်ပစွက်ဖက်မှု ကင်းရှင်းစွာလုပ်ဆောင်ခွင့်ကို ဖော်ကျူးပြောဆို အသိအမှတ်ပြုကြသည်။ နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် သဘောတူကြသည်။

အာဆီယံထိပ်သီးအစည်းအဝေးများအပြီး ညီလာခံသဘာပတိ အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စစ်မယ်ဂါဝတီဆိုကာနိုပူထရီက သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ရာ၌ အာဆီယံ၏ စည်းလုံးညီညွတ်မှုဖြင့် ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များကို ဖော်ပြကာ ကြေညာချက်အပိုဒ်-၂၅ တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဤသို့ ဖော်ပြခဲ့သည်-

"မြန်မာနိုင်ငံတွင် များမကြာမီကဖြစ်ပေါ်ခဲ့သော အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများနှင့် အချင်းချင်း ညှိနှိုင်းဆွေးနွေးမှု၊ ပြန်လည်စည်းလုံးညီညွတ်မှုတို့ဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသွားရန် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်တို့ကို အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များက ကြိုဆိုသည်။ နိုင်ငံတော်ဝန်ကြီးချုပ် တင်ပြခဲ့သည့် အလွှာပေါင်းစုံပါဝင်မည့် နိုင်ငံတော်လျှောက်လှမ်းမည့် ရှေ့လုပ်ငန်းစဉ်သည် လက်တွေ့ကျပြီး နားလည်စာနာမှု၊ ထောက်ခံမှုပေးသင့်သည်။ ပိတ်ဆို့အရေးယူမှုများသည် ဒီမိုကရေစီစနစ် အမြစ်တွယ်စေရန်အတွက် လိုအပ်သော ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှုတို့ကို အထောက်အကူမပြုဟု အာဆီယံ ခေါင်းဆောင်များ တညီတညွတ် သဘောရကြပါသည်"

အာဆီယံ ထိပ်သီးညီလာခံမစတင်မီ နိုင်ငံတကာမီဒီယာများက မြန်မာကို ကျန်အာဆီယံဝင်နိုင်ငံများက ဝိုင်းဝန်းဖိအားပေး အကျပ်ကိုင်လိမ့်မည်ဟု ဆိုကြသည်။ ဇန်ကောက်အခြေစိုက် မြန်မာ့ရေးရာ ကျွမ်းကျင်လှသည်ဆိုသူ ဘီဘီစီသတင်းထောက် လယ်ရီယောင်ကမူ မြန်မာနိုင်ငံကို အာဆီယံမှ ထုတ်ပစ်နိုင်ခြေရှိသည်ဟုပင် ပြောဆို လွှင့်ထုတ်ခဲ့သေးသည်။ လက်တွေ့တွင် အာဆီယံအသင်းကြီး၏ နှစ်ပေါင်း ၃၆ နှစ်တိုင် ကျင့်သုံးခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်မစွက်ရေးမူကို တညီတညွတ်တည်း ဆက်လက်ကျင့်သုံးပြကြသည်။ တစ်ချိန်တည်းမှာပင် အာဆီယံတစ်ခုလုံး၏ ညီညွတ်စည်းလုံးမှုစိတ်ထားကောင်းကို အခိုင်အမာဖော်ပြကြသည်။ ဘာလီတွင် ကျင်းပသော အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆွေးနွေးပွဲများသည် အောင်မြင်သည်။ ရလဒ်ကောင်းများစွာ ပေါ်ထွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အာဆီယံ မျှော်မှန်းချက်အတွက် တစ်ဆင့်လှမ်းတက်သော အပေါင်းလက္ခဏာ တစ်လှေကြီး ရယူဖော်ဆောင်ခဲ့ပုံကို သတင်းထုတ်ပြန်ချက် စာပိုဒ် ၃၇ ပိုဒ်က ဖော်ပြနေသည်။

ဂျပန်ဝန်ကြီးချုပ် ကိုအီဇူမီ တစ်ဦးတည်းကသာ "ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အနေဖြင့် အကောင်းဆုံးလုပ်ဆောင်သည်ဟု မိမိနားလည်ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက စိတ်ပူပန်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဂျပန်နိုင်ငံတို့က လက်ခံနိုင်မည့် တိုးတက်မှုနှင့် အကောင်းဆုံးရလဒ်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အကယ်၍ ခိုင်မာတည်တံ့သော တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွန်းလာပါက ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ပုံမှန်အထောက်အပံ့များ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း **"ဂျပန်ဝန်ကြီးချုပ်၏ အဖွင့်အမှာစကားတွင် မိမိနိုင်ငံနှင့်ပတ်သက်၍ ပြောကြားသွားခဲ့ရာ မိမိ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံသည် ဒီမိုကရေစီ တည်ဆောက်ရေးအတွက် စိန်ခေါ်မှုများစွာကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ ဒီမိုကရေစီစနစ် ထူထောင်ရေးသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုထက် ပိုမိုအရေးကြီးပါကြောင်း၊ မိမိတို့သည် မြန်မာနိုင်ငံအတွက် အကောင်းဆုံးဆောင်ရွက်သွားမည်သာ ဖြစ်ပါကြောင်း"** တုံ့ပြန် ဆွေးနွေးခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်၏ ပြောကြားချက်သည် ကျွန်တော့်အမြင် တင်ပြရလျှင် အာရှလေ မဆန်လှပေ။ အနောက်က ပြောကြားနေသည့်လေသံများနှင့် ဆင်ရုံမက တူညီနေပေသည်။ ဤတစ်ချက်မှာ ညီလာခံကာလတစ်လျှောက် အာဆီယံနိုင်ငံတို့ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရလေသည်။ အာဆီယံ ထိပ်သီးအစည်းအဝေးအပြီး အမေရိကန်အစိုးရက အာဆီယံနိုင်ငံများကို ပြစ်တင်ဝေဖန်သည်။ အနောက်မီဒီယာများကလည်း အာဆီယံကို ပုတ်ခတ်ကြသည်။ ဘီဘီစီ၊ ဗွီအိုအေတို့က ပြည်ပြေးများကိုဆင့်ခေါ်ပြီး ပြည်ပြေးများ ပါးစပ်ပေါက်တွင် မိုက်ခွက်တပ်ပေးကာ မြန်မာနိုင်ငံနှင့် အာဆီယံကို ရင့်သီးရိုင်းပျစွာ ပုတ်ခတ်စေသည်။ ၁၂-၁၀-၂၀၀၃ ရက်နေ့ထုတ် အနောက်သြဇာခံ နေရှင်းသတင်းစာ အယ်ဒီတာ့အာဘော်ခန်းတွင် အာဆီယံ၏ မြန်မာနိုင်ငံ၏ Road Map ထောက်ခံမှုကို မသမာသောလုပ်ရပ်၊ ကြောင်သူတော်လုပ်ရပ် စသည့် ရင့်သီးရိုင်းပျသော အသုံးအနှုန်းများဖြင့် ပုတ်ခတ်ကာ အမေရိကန်သမ္မတ ဘုရှ်က အာဆီယံကို ဒေါပွနေကြောင်း၊ ဇန်ကောက်တွင် အောက်တိုဘာလ ၂၀၊ ၂၁၊ ရက်နေ့များ၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး(အေပက်သို့တက်ရန်) သမ္မတဘုရှ် ရောက်လာသည့်အခါ အာဆီယံကို ပြင်းထန်စွာ ဝေဖန်ပြစ်တင်လိမ့်မည် စသည့် နှုတ်ကြောင်းပေး ရေးသားဘေးတီးထားသည်။

အာဆီယံ ထိပ်သီးအစည်းအဝေးကျင်းပရာ ဘာလီသည် ရေရိုပ်၊ တောရိုပ်၊ တောင်ရိုပ်၊ မြို့ရိုပ်တို့ဖြင့် အေးချမ်းသာယာသော ဒေသဖြစ်သည်။ အစည်းအဝေးကလည်း အောင်မြင်သည်။ အဖွဲ့ဝင် ၁၀ နိုင်ငံ၏ စည်းလုံးညီညွတ်မှုကြောင့် ရရှိသော အောင်မြင်မှုလည်း ဖြစ်သည်။ အာဆီယံ ထိပ်သီးအစည်းအဝေး၊ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံ+အိန္ဒိယ ဆွေးနွေးပွဲတို့ အောင်မြင်သည်၊ ချောမောသည်။ စင်စစ် ဝမ်းမြောက်ဖွယ်၊ ဂုဏ်ပြုဖွယ်၊ ချီးကျူးဖွယ်ဖြစ်သည်။ အနောက်က သူတို့ရေးသော ဇာတ်ညွှန်းအတိုင်း ဖြစ်မလာ၍ ပုတ်ခတ်ကြသည်ကို မည်သို့မျှ မပြောလို။ သူတို့စရိုက်၊ သူတို့သဘာဝ၊ သူတို့ ဝါသနာပင်ဖြစ်သည်။

ညီလာခံရက်အတွင်း ဂျကာတာပို့စ်သတင်းစာမှ ညီလာခံအကြောင်း အဆင်မပြေမှု သတင်းတစ်ပုဒ် ဖတ်ရသည်။ တကယ့်ကို မဖြစ်စလောက် အကြောင်းအရာဖြစ်သည်။ သတင်းစာအဖို့ ဤမျှလောက်သော အဆင်မပြေမှုကလေးကိုပင် မြိန်ရေရှက်ရေ ဖော်ပြထားသည်ကို ဖောက်သည်ချပြပါရစေ။

ဂျကာတာပို့စ်က ၇-၁၀-၂၀၀၃ ရက်နေ့ နံနက် အာဆီယံခေါင်းဆောင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြရာ၌ ကြုံရသော ခိုးလိုးခုလုကိစ္စရပ်နှစ်ခုကို ဖော်ပြသည်။ ပထမဖြစ်ရပ်မှာ ခေါင်းဆောင်များ စင်မြင့်ပေါ် ဓာတ်ပုံရိုက်ရန် နေရာယူထားကြစဉ် သတင်းထောက်တစ်ဦး၏ ကင်မရာတွင် တပ်ဆင်ထားသည့် လျှပ်တစ်ပြက် မီးလုံးဖောင်းခနဲပေါက်ကွဲသွားရာ ခေါင်းဆောင်များ လန့်သွားကြသောဟူ၏။ ဒုတိယဖြစ်ရပ်မှာ ဓာတ်ပုံရိုက်သူတစ်ယောက်က ပုံကောင်းရရန် ရှေ့ရွှေ့၊ နောက်ဆုတ်၊ ဘေးကပ်လုပ်ရင်း ချော်လဲသွားသည့်ဖြစ်ရပ်ကို ဖော်ပြထား၏။ ထို့နောက် အစည်းအဝေး၌ ခေါင်းဆောင်အချို့ မိန့်ခွန်းစာရွက်ချက်ချင်း လွယ်လွယ်တောင်းမရ၍ မကျေမနပ်ဝေဖန်ကြသော အနောက်သတင်းများ၏ ပွစိပွစိပြောသံများ ဖော်ပြပြန်၏။ သိကြသည့်အတိုင်း ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့က ဤဘာလီကျွန်းမှာပင် ကားဗုံးခွဲ၍ လူ ၂၀၂ ဦး သေခဲ့ရသည်။ ထို့ကြောင့် လုံခြုံရေးတင်းကျပ်စွာ ချထားရသည်။ ထို့ကြောင့် အဝင်အထွက် ခက်လှသည်ဟု မစာမနာပြောသော အနောက်က သတင်းထောက်များအကြောင်းလည်း ရေး၏။ ဤသတင်းတိုထွာများသည် အာဆီယံ ထိပ်သီးစည်းဝေးပွဲအကြောင်း အတတ်နိုင်ဆုံး ရှာဖွေရေးသားသော သတင်းများဖြစ်သည်။

အာဆီယံ ထိပ်သီးအစည်းအဝေးသည် ပြင်ပ လေစိမ်းတိုက်မခံ၊ ကိုယ့်ဒေသအကျိုး၊ မိမိတို့ အဖွဲ့ဝင်တစ်နိုင်ငံချင်း၏ အကျိုးစီးပွားကို စည်းလုံးညီညွတ်မှု၊ အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုကို အရင်းခံပြီး သဲ့ယူသွားနိုင်ခဲ့သည်။ အာဆီယံအစဉ်အလာ၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံ စည်းလုံးညီညွတ်မှုသည် နဝမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေး၏ အနှစ်သာရဖြစ်သည်ဟု ဆိုလိုက်ပါရစေခင်ဗျား။ ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမတွင် ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✻ ပြည်သူများမှ

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မဉ္ဇူသကခန်းမ၌ ကော့သောင်းခရိုင်နှင့်ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဖြိုးက ဒေသဝမ်းစာဖူလုံရေးအတွက် စပါးတိုးချဲ့စိုက်ပျိုးနေမှု အခြေအနေများ၊ လုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးနိုင်မှု အခြေအနေများ၊ ရော်ဘာတိုးချဲ့စိုက်ပျိုးပြီးစီးမှုများ၊ သား၊ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးခေါင်းဆောင်သည့်အဖွဲ့ ကော့သောင်းဒေသသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ရှင်းလင်းပြီး ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီအုန်းတိုးချဲ့ စိုက်ပျိုးရန်လိုအပ်ပုံများ၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာစိုက်ပျိုးရန် လိုအပ်ပုံများ၊ ကော့သောင်းဒေသ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ တက်ညီလက်ညီပေါင်းစပ် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပုံများကို မှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကော့သောင်းဒေသ၌ နိုင်ငံတော်က အဓိကထားသော သီးနှံ ၁၀မျိုးအနက် စပါးသီးနှံတစ်မျိုးသာ စိုက်ပျိုးလျက်ရှိကြောင်း၊ အခြားအဓိကသီးနှံများကိုလည်း စမ်းသပ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ဒေသအတွင်း ဆန်စပါးဖူလုံရေးအတွက် စပါးသီးနှံကို တိုးချဲ့စိုက်ပျိုးသကဲ့သို့ တစ်ဧကအထွက်နှုန်း တိုးတက်ရန်လည်း အာရုံထားရန်လိုကြောင်း။

ဒေသ၏ရေမြေရာသီနှင့်ကိုက်ညီသည့်ဆီအုန်း၊ ရော်ဘာတို့သာမက ဝင်ငွေကောင်းစွာရရှိသည့် ငရုတ်ကောင်းစိုက်ပျိုးမှုကိုလည်း စိုက်နည်းစနစ်မှန်ကန်စွာဖြင့် အလေးထားစိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတိုးတက်အောင်မြင်ရေးအတွက် လိုအပ်သည်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရေရှည်ထိန်းသိမ်းဆောင်ရွက်

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုင်ငံတော်၏ တနင်္သာရီကမ်းရိုးတန်းပင်လယ်ပြင် ရေပေါ်ရေအောက်၌ မိမိတို့စားသုံးရန် ငါး၊ ပုစွန်များကြွယ်ဝစွာရှိကြောင်း၊ တည်ရှိသည့် ငါးသယံဇာတများကို မျိုးတုံးမပျောက်ကွယ်ရေးအတွက် စနစ်တကျရေရှည်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လမ်းကြောင်းမှန်စွာ ဆောင်ရွက်နိုင်ရန် အထူးအရေးကြီးကြောင်း။

သဘာဝရေသယံဇာတပေါကြွယ်ဝသော်လည်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကိုပါ ပေါင်းစပ်တိုးချဲ့ ဆောင်ရွက်သွားရန်လည်းလိုကြောင်း။

ဤဒေသ၌ ဒေသကြက်နှင့်ဝက်၊ ဆိတ်မွေးမြူရေးမှာ အောင်မြင်ဖြစ်ထွန်းနိုင်သဖြင့် စီးပွားဖြစ်မွေးမြူသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ ရေသယံဇာတ ပေါကြွယ်ဝသည့် တနင်္သာရီတိုင်း၌ သား၊ငါးကဏ္ဍသည် အဓိက အားအထားရဆုံး စီးပွားရေးကဏ္ဍဖြစ်ရာ သား၊ငါးကဏ္ဍ ယခုထက် ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း။

သဘာဝက ပေးအပ်ထားသော ငါး၊ပုစွန်တို့ကို လွယ်လင့်တကူ ဖမ်းဆီးစားသုံးနေ၍ ရေရှည်လုံလောက်နိုင်မည်မဟုတ်သဖြင့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်အားထည့် လုပ်ကိုင်သွားရန်လိုကြောင်း၊ ဧရာဝတီတိုင်းသည် သား၊ငါး မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နိုင်သဖြင့် ပြည်နယ်နှင့်တိုင်းအားလုံးအနက် သား၊ငါးကဏ္ဍနှင့် စပ်လျဉ်း၍ အအောင်မြင်ဆုံးတိုင်းဖြစ်နေသည်ကို နမူနာယူရမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်းတွင် ရေသယံဇာတသာမက မြေသယံဇာတပါ ပေါကြွယ်ဝကြောင်း၊ အသုံးမပြုရသေးသည့် မြေလွတ်မြေရိုင်းဧရိယာများစွာ ကျန်ရှိနေဆဲ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အောက်တိုဘာ ၂၃ ရက်တွင် ကော့သောင်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌနှင့် စည်းရုံးရေးကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဖြစ်၍ နှစ်ရှည်ပင်များဖြစ်သည့် ဆီအုန်းနှင့် ရော်ဘာတို့ကို စီမံချက်အတိုင်း တိုးချဲ့စိုက်ပျိုးသွားရမှာဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံရေးအတွက်လည်း လယ်ယာစပါး၊ တောင်ယာစပါးတို့ကို ထိထိရောက်ရောက် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံလာစေရန် မဖြစ်မနေ ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တနင်္သာရီတိုင်း၏ ရေမြေသယံဇာတများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်သည်နှင့်အမျှ ပြည်သူများ၏ ဝင်ငွေတိုးတက်လာပြီး လူနေမှု အဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ သို့မှသာ စီးပွားရေးအရ ထည်ထည်ဝါဝါကြံ့ကြံ့ခိုင်ခိုင် ဖြစ်လာမှာဖြစ်ကြောင်း။

ယခုကဲ့သို့ ရှင်းလင်းတိုက်တွန်းပြောကြားနေရခြင်းသည် ဒေသခံပြည်သူများ တိုးတက်ချမ်းသာရေးအတွက် ဖြစ်ကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

ယနေ့ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင် ဦးရွက်ပြုမှုအောက်၌ ဝန်ထမ်းများရော၊ ပြည်သူများပါ တက်ညီလက်ညီ အလုပ်လုပ်ကြရမှာဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားအောင် မိမိတို့၏ ပညာရည်အဆင့်အတန်း တိုးတက်လာအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် နိုင်ငံရေးလုပ်ငန်းစဉ်ခုနစ်ရပ်ကိုလည်း တိတိကျကျ ခိုင်ခိုင်မာမာ ချမှတ်ထားပြီး ဒီမိုကရေစီနိုင်ငံတော်ထူထောင်ချိန်တွင် နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေးစသည့် ကဏ္ဍများကလည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်နေရမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းအနေဖြင့်ရော နိုင်ငံတော်တစ်ရပ်လုံးပါ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအုပ်ချုပ်ရေး တာဝန်ခံများ၊ ဝန်ထမ်းများ၊ ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်း အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဖွံ့ဖြိုးတိုးတက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မဉ္ဇူသကခန်းမသို့ ရောက်ရှိလာပြီး အမှာစကားပြောကြားရာတွင် ကော့သောင်းခရိုင်အပါအဝင် တနင်္သာရီတိုင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် တနင်္သာရီတိုင်းသာမက ပြည်ထောင်စုကြီးတစ်ရပ်လုံးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို အဆက်အစပ်ရှိရှိ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ နိုင်ငံတော်အတွက် စီးပွားရေးအရ တွက်သားကိုက်မှုများ မရှိသော်လည်း တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေချင်၍ ယခုကဲ့သို့ စီမံကိန်းများ ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တနင်္သာရီတိုင်းအတွင်း ကော့သောင်း-ဘုတ်ပြင်း-မြိတ် လမ်းမကြီးကို ဖောက်လုပ်ရာ၌ စီးပွားရေးအရ တွက်သားကိုက်မှုမရှိသော်လည်း တနင်္သာရီတိုင်းကို ဖွံ့ဖြိုးတိုးတက်စေချင်၍ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

လမ်း၊ တံတားများ၊ဆည်၊တာတမံများကို တည်ဆောက်ရာ၌ မိမိတို့၏ ကိုယ်ပိုင်အရည်အသွေး၊ ကိုယ်ပိုင်အရင်းအနှီးများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့သွေး၊မြန်မာ့စိတ်ဓာတ်ဖြင့်မဖြစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်သဖြင့် ပြည်နယ်၊ တိုင်းဒေသအသီးသီး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်ကြောင်း။

တနင်္သာရီတိုင်း၌ ဒေသဆန်ဖူလုံလာပြီး မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် ကြိုးစားအလုပ်လုပ်ကြရမှာဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆိုလျှင် ယခင်က ဆန်လိုဒေသအဖြစ် ရပ်တည်ခဲ့သော်လည်း ယခုအခါ စပါးတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် ဆန်စပါး ဖူလုံလာပြီဖြစ်ကြောင်း၊ တနင်္သာရီတိုင်းကလည်း မိမိတို့၏ ရေမြေသယံဇာတကို အသုံးချ၍ ဒေသဆန်ဖူလုံလာအောင် ကြိုးစားရမှာဖြစ်ကြောင်း။

ဖိဖိစီးစီးကြိုးစား

ထို့အပြင် တနင်္သာရီတိုင်းအား နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်စေရန် ရေရှည်မျှော်မှန်းပြီး ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးရန် မိမိတို့တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံရေး၊ ထိုမှတစ်ဆင့် ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချရေးအတွက် အလေးထား ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

တနင်္သာရီတိုင်း၏ ရေမြေအခြေအနေအရ ဆီအုန်းကဲ့သို့ အခြားဖြစ်ထွန်းနိုင်သော ငရုတ်ကောင်းနှင့် ရော်ဘာတို့ကိုလည်း စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ သို့မှသာ တနင်္သာရီတိုင်းသည် ဖွံ့ဖြိုးတိုးတက်သော တိုင်းကြီးဖြစ်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက တာဝန်ယူဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးနေပြီဖြစ်၍ တနင်္သာရီတိုင်းကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်ရမည့်

ပါဠိကာရီ ပရိယတ္တိစာသင်တိုက်တွင် စုပေါင်းမဟာဘုံကထိန်ခင်းမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရေလုပ်ငန်းဝန်ကြီးဌာန၊ သဘော်ဆေးစက်ရုံနှင့် ရပ်ကွက်ပေါင်းစုံ ဒါယကာ ဒါယိကာမများက သာကေတ စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီးတွင် ၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၈ ရက်)၌ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်ပွဲကြီးတွင် သာကေတမြို့ ၂/တောင်ရပ်ကွက် လမ်းအသီးသီးမှဒါယကာ ဒါယိကာမများနှင့် ရန်ပြေ လူငယ် ဝါတွင်းဆွမ်းလောင်းအဖွဲ့တို့ကလည်း ပဒေသာပင်များဖြင့်စည်ကားသိုက်မြိုက်စွာ လှူဒါန်းကြမည်ဟု သိရသည်။ **(က–ပ)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လက်ရှိတိုးတက်မှုအနေအထားအပေါ် အားရတင်းတိမ်မနေဘဲ ဖိဖိစီးစီးကြိုးစားကြရမှာ ဖြစ်ကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဘုရင့်နောင်အငူပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ထားမှုများ၊ ဘုရင့်နောင်ရုပ်တုကန်းတော် သာယာလှပစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုများနှင့် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ ကော့သောင်းခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံနေချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဘုရင့်နောင်ခန်းမသို့ရောက် ရှိလာပြီး အရာရှိ၊စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှကြား၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီတွင် ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်တော်အေးသာသနာ့ဗိမာန်၌ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်ချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ကော့သောင်းမြို့မှ မြိတ်မြို့သို့ရောက်ရှိကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဟုန်းငိုင်း၊ မြိတ်တပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တပ်နယ်အစည်းအဝေးခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တာဝန်ရှိ တပ်မတော်အရာရှိကြီးများနှင့်အတူ အောက်တိုဘာ၂၃ရက် ညပိုင်းတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကျော်သက်မော်(ငြိမ်း)နှင့် စည်းရုံးရေးကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

အလားတူ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၄ရက် ညပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းနှင့် မြိတ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား တွေ့ဆုံမှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့နယ်၌ ရေလှောင်တမံ တည်ဆောက်နိုင်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား တနင်္သာရီတိုင်း ဆည်မြောင်းဦးစီးဌာနမှူး ဦးမျိုးလွင်က မြိတ်မြို့နယ်၌ ကျောက်ဖြူတောင် ရေလှောင်တမံ တည်ဆောက်နိုင်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တမံတည်ဆောက်ရန် လျာထားသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်သည် ရွှေဒူးရော်ဘာခြံ၏ ရော်ဘာစိုက်ခင်းများကိုလည်းကောင်း၊ နာနတ်ပင်များ ကြားညှပ်စိုက်ပျိုးထားသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း မြိတ်မြို့ စက်သုံးဆီ သိုလှောင်ဌာနခွဲကို သွားရောက်ပြီး စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများအား တွေ့ဆုံပြီး စက်သုံးဆီများ အလေအလွင့်မရှိစေရေး၊ မီးဘေးအန္တရာယ်သတိပြုဆောင်ရွက်ရေးကိစ္စရပ်များကို မှာကြားသည်။ **(သတင်းစဉ်)**

ရဲချုပ်ဒိုင်း မြန်မာ့သိုင်း၊ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုပြိုင်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(၁၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း၊ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြည်နယ်/တိုင်း တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ အားကစား တပ်ဖွဲ့ဝင် ၁၈၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့သိုင်း တံခွန်စိုက်ဆုနှင့် ကရာတေးဒိုတံခွန်စိုက်ဆုများကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းကလည်းကောင်း၊ တိုက်ကွမ်ဒိုတံခွန်စိုက်ဆုကို မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းက လည်းကောင်း အသီးသီးရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ဘုံကထိန်ပွဲသွားရောက်ဆင်နွှဲမည်

ရန်ကုန် အောက်တိုဘာ ၂၅

မွေးရပ်မြေဘိုကလေး၌ နှစ်စဉ် (တန်ဆောင်မုန်းလပြည့်)နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသော မြို့နယ်လုံးကျွတ် စုပေါင်းဘုံကထိန်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲ၍ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ကံ့ကော်တစ်ထောင် ဘုရားဖူးလိုသူများကိုလည်း စီစဉ်ပို့ဆောင်ပေးမည်ဖြစ်သည်။ ဘိုကလေးသို့ နိုဝင်ဘာ ၇ ရက်(သောကြာနေ့) နံနက် ၇ နာရီတွင် စင်းလုံးငှားနှစ်ထပ်ရေယာဉ်ကြီးဖြင့် သွားရောက်မည်ဖြစ်ရာ အသင်းသူ အသင်းသား မိသားစုများ လိုက်ပါကြပါရန်နှင့် အလှူငွေများ၊ ပဒေသာပင်ပစ္စည်းများကိုအသင်းဥက္ကဋ္ဌ ဦးထွန်းလှ ဖုန်း–၂၂၁၄၃၉၊ ဒု–ဥက္ကဋ္ဌ ဦးတင့်ဇော် ဖုန်း–၂၉၁၃၃၈၊ဒု–ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း– ၅၁၂၇၁၄၊ဒု–ဥက္ကဋ္ဌ ဦးငြိမ်းမောင် ဖုန်း–၂၂၂၀၁၁၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း–၂၂၈၈၁၃၊ဘဏ္ဍာရေးမှူးဦးကျန်ဆောင်း ဖုန်း–၃၈၁၀၄၂ တို့ထံ ဆက်သွယ်လှူဒါန်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက အသင်းတိုက် ဖုန်း–၂၁၂၅၀၈ သို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

မြန်မာကိုယ်စားလှယ်အဖွဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှပြန်ရောက်

ရန်ကုန် အောက်တိုဘာ ၂၅

(၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သော အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး၊ အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဗိုလ်မှူးကြီးလှမင်းလည်း ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**

ကြက်တောင်ဒိုင်လူကြီး သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၅

(၃၅)ကြိမ်မြောက် ပြည်နယ်/တိုင်းနှင့် စတုတ္ထအကြိမ်မြောက် ဂရိတ်ဝေါလ် တံခွန်စိုက် ကြက်တောင်အားကစားပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲများအရ ထူးချွန်သော ဒိုင်လူကြီးများပေါ်ထွန်းစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး ကြက်တောင်အားကစားဥပဒေနှင့် ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၁ ရက်မှ ၉ ရက်ထိ နေ့စဉ် ညနေ ၄ နာရီမှစ၍ အမှတ် ၁၁/၁၇၊ ဘိုကလေးဈေးလမ်း(ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ ဝန်ကြီးဌာနအလိုက် ကြက်တောင်အသင်းများ၊ ကလပ်အသင်းများ၊ ပြင်ပမှ ဝါသနာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် လက်ရှိဒိုင်အဖွဲ့ဝင်များလည်း တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရရှိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် အောက်တိုဘာ ၂၅

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် တောင်ကြီးမူးယစ်အထူးအဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် သတင်းအရ မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက် နယ်မြေ(၁)နေ မနန်းအမ်း(ခ)အမ်ဟွဲ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မနန်းအမ်းထံမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၅ပြားနှင့် ဘိန်းဖြူ ၁၅၂ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက် နယ်မြေ(၁)နေ ဦးအိုက်ငွေ၏သမီး မနန်းအမ်း(ခ)အမ်ဟွဲအား လွယ်ဆောင်ထောက် ရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက် အမှတ် ၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က) အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို လွိုင်လင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၁၅ ရက်တွင်တရားရုံးက တရားခံ မနန်းအမ်း(ခ) အမ်ဟွဲအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅အရ ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၇ နှစ် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စန်းသော်တာစာပေ၊ H-27၊ မြတ်လေးရုံ၊ မြေညီထပ်၊ အဆင့်မြင့် ဈေးချိုတော်ကြီး၊ မန္တလေးမြို့က ထုတ်ဝေဖြန့်ချိသည့် အောင်ခင်စိုး၏ မိန်းမဆန်လွန်းသော မိန်းမများ(၃) စာအုပ် မျက်နှာဖုံး။ (က–ပ)

ကျိုက်ပိကျောင်း (၅၄)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနအမှူးပြုသည့် သံဃာအပါး ၁၀၀ကျော်တို့အား ဘုံကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

သားငါးပွဲဖြိုး ပြည်အကျိုး

ပထမ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ထောင်သူ အနော်ရထာမင်း

ဒေါက်တာခင်မောင်ညွန့်

ပုဂံမင်းဆက် ၅၅ဆက်အနက် ၄၂ဆက်မြောက်မင်း ဖြစ်သော အနော်ရထာမင်းသည် ပထမပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သောမင်းမြတ်ဖြစ်သည်။ ကွမ်းဆော်ကြောင်ဖြူမင်းနှင့် မိဖုရားမြောက်ပြင်သည်တို့၏သားတော်တစ်ပါးဖြစ်သည်။ နန်းသက် ၃၃ နှစ်ကာလ (အေဒီ ၁၀၄၄-၁၀၇၇)အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာသာသနာရေးနှင့် ယဉ်ကျေးမှုများတွင် အောင်မြင်စွာ စွမ်းဆောင်ခဲ့သောမင်းဖြစ်သည်။

နန်းတက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်တည်ထောင်ရေးလုပ်ရာ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဓမ္မစက်၊ အာဏာစက် နှစ်ရပ်နှင့် ဆောင်ရွက်သည်။ အင်္ဂါလေးပါးပါဝင်သော စစ်အင်အားကိုပြန်လည်ဖြည့်တင်းဖွဲ့စည်းသည်။ လက်အောက်ခံရွာ၊ မြို့၊ ခရိုင်တို့၏ အင်အားအလိုက် အချိုးကျပါဝင်စစ်မှုထမ်းစေသည်။ အစု၊အငန်း၊ အသင်း၊ အဖွဲ့စသည်ဖြင့် ဆင့်ကဲဆင့်ကဲဖွဲ့စည်းကွပ်ကဲစေသည်။ သစ္စာရှိသော၊ နှလုံးရည်လက်ရုံးရည်နှင့်ပြည့်စုံသော စစ်သူကြီးများ၊ ဗိုလ်မှူး၊ တပ်မှူး၊ စစ်သည်တော်များနှင့် နိုင်ငံတော်စည်းရုံးတိုးချဲ့ရေးလုပ်ငန်းများဆောင်ရွက်သည်။ ထင်ရှားသော ရဲမက်ငါးဦးမှာ (၁) ပရိမ္မအရပ်မှ အဲမောင်း၊ လှံရေးတွင်ကျွမ်းကျင်သော ကျန်စစ်သား၊ (၂) အပြေးသန်ပြီး မြင်းစီးလျင်သော သထုံပြည်မှ ဗျတ္တ၊ (၃)ရေကူးသန်သော ညောင်ဦးသား ညောင်ဦးဖီး၊ (၄) မြင်းမူအရပ်မှ ထန်းတက်ကျွမ်းကျင်သော ငထွေးရူးနှင့် (၅)ပုပ္ပားတောင်ခြေမှ လယ်ထွန်ကျွမ်းကျင်သော ငလုံးလက်ဖယ်တို့ဖြစ်သည်။ အနော်ရထာမင်းကြီး၏ တာဝန်ပေးချီးမြှောက်မှုကြောင့် ပြောင်မြောက်သောသူရဲကောင်းစစ်သည်တော်ကြီးများ ဖြစ်လာကြသည်။

နိုင်ငံတော်ကြီးစည်းရုံးပြီးနောက် အရပ်လေးမျက်နှာသို့ ဩဇာအာဏာစက် ဖြန့်ကြက်လာသည်။ ကာကွယ်ရေးအတွက် အတွင်းစည်း အပြင်စည်းများ တည်ဆောက်ရာတွင် ခံတပ်မြို့ပေါင်း ၄၃ မြို့ကို အရှေ့ဘက်နယ်စပ်တစ်လျှောက်တွင် တည်ဆောက်သည်။ ရန်သူနန်ချောင်တို့ ဝင်ရောက်ဖျက်ဆီးမှုအန္တရာယ်ကို တားဆီးကာကွယ်ထားသည်။ ယနေ့တိုင်ရှိနေသေးသော ခံတပ်မြို့ ၃၃မြို့မှာ ဗားမော်နယ်တွင် (၁)ကောင်းတုံ၊ (၂) ကောင်းစင်နှင့် (၃)ရွှေဂူ၊ ကသာနယ်တွင် (၄)ရင်ခဲ၊ (၅)မိုးဒါး၊ (၆)ကသာနှင့် (၇) ထီးချိုင့်၊ မိုးကုတ်နယ်တွင် (၈)မြတောင်၊(၉)တကောင်း၊(၁၀)ဟသ်ာမော်၊ (၁၁)ကြာညပ်နှင့် (၁၂) စမွာနဂို၊ မန္တလေးနယ်တွင် (၁၃)စဉ့်ကူး၊ (၁၄) ကုန်းသာယာ၊ (၁၅)မကွေးတရာ၊ (၁၆)ရေနံ့သာ၊ (၁၇)စုံးမြို့၊ (၁၈)မတ္တရာ၊ (၁၉)သက်ကယ်ကျင်း၊(၂၀)ဝါရင်းတုတ်(၂၁) တောင်ပြုန်းနှင့် (၂၂) မြို့ဒင်၊ ကျောက်ဆည်နယ်တွင် (၂၃) မက္ခရာ၊ (၂၄)တအုံ၊ (၂၅)မြင်စိုင်းနှင့် (၂၆)မြစ်သာ၊ မိတ္ထီလာနယ်တွင် (၂၇) လှိုင်းတက်၊ (၂၈)သာဂရနှင့် (၂၉)ညောင်ရမ်း၊ ရမည်းသင်းနယ်တွင် (၃၀)ရွှေမြို့၊ တောင်ငူနယ်တွင် (၃၁)မြို့လှ၊ (၃၂)ကလင်းနှင့် (၃၃)ဆွာတို့ ဖြစ်သည်။

စစ်အလုံးအရင်းနှင့် နိုင်ငံတစ်ခွင်အနှံ့အပြား တိုင်းခန်းလှည့်ပြီး လုံခြုံရေး၊ အုပ်ချုပ်ရေးကိစ္စများကို စီမံကြီးကြပ်သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားရှိ ပဋိက္ခယားနှင့် ထိုစဉ်ကအခေါ် ဂန္ဓာလရာဇ်(တရုတ်ပြည်)သို့ သွားရောက်၍ မဟာမိတ်ဖွဲ့ခြင်းနှင့် ဗုဒ္ဓမြတ်စွာ၏ စွယ်တော်ဓာတ်ကို ဖူးမြော်ခြင်းပြုသည်။ ဥသာပဲခူးတွင် ကျွမ်းစစ်သည်တို့ ဝင်ရောက်နှောင့်ယှက်နေ၍ စစ်ကူတောင်းရာ ကျန်စစ်သားနှင့် ရဲမက်အနည်းငယ်သာစေလွှတ်ပြီး ကျူးကျော်သူတို့ကို တိုက်ခိုက် မောင်းထုတ်နိုင်ခဲ့သည်။ သီဟိုဠ်ဘုရင် ပထမမြောက်ဝိဇယဗာဟုမင်းက ချိုလာတို့ဝင်ရောက်တိုက်ခိုက်လာသောကြောင့် အနော်ရထာမင်းထံ စစ်ကူတောင်းခဲ့သည်။

စစ်သည်အလုံးအရင်းနှင့် ခိုင်ဖီးလာသော ပထမမြန်မာနိုင်ငံတော်ကြီးသည် ရပ်နီးရပ်ဝေးတွင် ခံ့ညားလာသည်။ အရပ်လေးမျက်နှာရှိ အိမ်နီးချင်း နိုင်ငံများသို့ အနော်ရထာ၏ ဩဇာအာဏာစက် ပျံ့လာသည်။ အနော်ရထာ၏ စာခပ်နှိပ်ထားသော အုတ်ခွက်ဘုရားများတွေ့ရသော နေရာအရပ်တိုင်းသည် သူ၏ဩဇာအာဏာစက်ပျံ့ခဲ့သော နေရာများဟု အချို့သမိုင်းသုတေသီတို့ ယူဆကြသည်။

အနော်ရထာတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီး၏ အကျယ်အဝန်းကို ရှေးဟောင်းသမိုင်းမှတ်တမ်းများအရ ဖော်ပြရပါလျှင်-

(၁) အနောက်ဘက်တွင် ပဋိက္ခယားမည် ကုလားပြည်သည် အခြားတည်း၊

(၂) အနောက်မြောက်ထောင့်တွင် ကတူးနောကြီး ရေတွင်းမီးလျှင် အခြားတည်း၊

(၃) မြောက်ဘက်၌ကား ဂန္ဓာလရာဇ်မည် တရုတ်ပြည်လျှင်အခြားတည်း၊

(၄) အရှေ့မြောက်ထောင့်၌ ကဝန္တိလည်းမည် ပန်းသေးပြည်လျှင် အခြားတည်း၊

(၅) အရှေ့ဘက်၌ ဝတိဿမည်ပင်ကာပြည်လျှင် အခြားတည်း၊

(၆) အရှေ့တောင်ထောင့်၌ အယောစလည်းမည် ဂျွမ်းတိုပြည်လျှင် အခြားတည်း

ဟုဖြစ်သည်။

စိုက်ပျိုးရေးသည် ပုဂံနိုင်ငံတော်ကြီး၏ အဓိကစီးပွားရေးဖြစ်ပြီး ဆည်ရေသောက် စိုက်ပျိုးမှုသည် မိုးပါးသော အညာဒေသရှိ တောင်သူလယ်သမားတို့၏ စိုက်ပျိုးနည်းဖြစ်သည်။ ဆည်မြောင်းတာတမံများကို ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့ ဖောက်လုပ်ခဲ့သောကြောင့် ဆည်ရေသောက် လယ်ယာများများစွာပေါ်ထွန်းလာသည်။ အနော်ရထာမင်းသည် ယိုယွင်းနေသော ဆည်မြောင်းကန်ချောင်းတို့ကို ပြင်ဆင်ထိန်းသိမ်းသည်။ မိတ္ထီလာကန်ကြီးကို ကိုယ်တိုင်စီမံကြီးကြပ်ပြင်သည်။ ကျောက်ဆည်ဒေသတွင် အနော်ရထာတည်ဆောက်သော ဆည်မြောင်းအသစ်များမှာ ပန်းလောင်မြစ် ကမ်းပေါ်တွင် (၁)ကင်းတားဆည်မြောင်း၊ (၂) ငလိုင်းဇင်ဆည်မြောင်း၊ (၃) ပြောင်းပြာဆည်မြောင်းနှင့် (၄) ကူမဲဆည်မြောင်း၊ ဇော်ဂျီမြစ်ကမ်းပေါ်တွင် (၁) နွားတက်ဆည်မြောင်း၊ (၂) ကွမ်းဆေးဆည်မြောင်းနှင့် (၃)ဂူတော်(ငပြောင်) ဆည်မြောင်းတို့ဖြစ်ပြီး ယနေ့တိုင် အသုံးပြုလျက်ရှိသည်။ ရှမ်းကုန်းပြင်မြင့်မှ စီးဆင်းလာသောရေများကို တာတမံကာပြီး စိုက်ပျိုးမြေများသို့ ရေမြောင်းသွယ် ရေသွင်းပေးသည်။ ကမ္ပည်းကျောက်စာများထိုးစိုက်ခဲ့သောကြောင့် သမိုင်းအထောက်အထားများ ရှိနေရစ်သည်။ ဆည်မြောင်းတာတမံများဆိုင်ရာ အမိန့်တော်များထုတ်သည်။ မင်းမှုထမ်းများအား ကြီးကြပ်စီမံစေသည်။ ပြုပြင်ထိန်းသိမ်းရေးကို ထာဝရဆောင်ရွက်စေသည်။ ထိုအရပ်များတွင် ရွာများတည်ပေးထားပြီး အခါမလင့်ကိုယ်တော်တိုင် အလုံးအရင်းနှင့် ချီလာပြီး စစ်ဆေးစီမံကြီးကြပ်တော်မူသည်။ ကျောက်ဆည် ၁၁ ခရိုင်နှင့် မင်းဘူး ခြောက်ခရိုင်တို့မှာ ဆည်ရေသောက်လယ်များဖြစ်ပြီး ပုဂံနိုင်ငံတော်ကြီး၏ စီးပွားရေးဇုန်များဖြစ်သည်။ ‘လယ်တွင်း’ဟုတွင်ပြီး ဆန်စပါးနှင့် အခြားကောက်ပဲသီးနှံများထွက်သည်။ ကျောက်ဆည်လယ်တွင်း ၁၁ခရိုင်တို့မှာ (၁)ပင်လယ်၊ (၂)မြစ်မနား၊ (၃)မြစ်သာ၊ (၄)မြင်းခုံတိုင်၊ (၅)ယမုန်၊ (၆)ပနံ၊ (၇)မက္ခရာ၊ (၈)တပြက်သာ၊ (၉)သင်းတောင်၊ (၁၀)တမုတ်ဆိုးနှင့် (၁၁)ခန်လူတို့ဖြစ်သည်။ မင်းဘူးခြောက်ခရိုင်မှာ (၁)စကု၊ (၂)စလင်း၊ (၃)ကျပင်း၊ (၄)ဖောင်းလင်း၊ (၅)မေပင်စရာနှင့် (၆) လယ်ကိုင်းတို့ဖြစ်သည်။

ပြည်တွင်းကုန်သွယ်ရေး၌ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းတည်ဆောက်ထားသော လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ ဇရပ်တို့ကြောင့်လည်းကောင်း၊ ဧရာဝတီ၊ ချင်းတွင်း၊ တာပိန်၊ ရွှေလီ၊ ဒုဋ္ဌဝတီ၊ ဇော်ဂျီ၊ ပန်းလောင်၊ စမုံစသော သဘာဝရေကြောင်းများကြောင့်လည်းကောင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲမရှိသဖြင့် ကုန်ကူးသန်းရေးနှင့် စစ်ကြောင်းရွှေ့လျားရေး ပြုနိုင်သည်။ ဝေးလံသော နယ်စပ်ဒေသများတွင် တောတောင်ထူထပ်ပြီး ရာသီဥတုပြင်းထန်သောကြောင့် ရာသီမရွေးသွားနိုင်သောလမ်းကြောင်းများ ခက်ခဲသော်လည်း နယ်ခြားမြို့များနှင့် ခံတပ်မြို့များရှိသောကြောင့် နယ်စပ်ကုန်သွယ်ရေး ရှိသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ရှိ နေဂရေ၊ ပုသိမ်၊ ဒလ၊ သန်လျင်၊ မုတ္တမ၊ ရေး၊ ထားဝယ်၊ မြိတ် စသော ဆိပ်ကမ်းမြို့များမှတစ်ဆင့် ပင်လယ်ရပ်ခြား ဆက်သွယ်မှုရှိသည်။ လောကနန္ဒာဆိပ်ကမ်းအထိ ဆိုက်ကပ်လာသော ပြည်ပရွက်သင်္ဘောများရှိသည်။ သီဟိုဠ်၊ မာလာယု၊ ဂျာဝါး၊ ဘင်္ဂလား၊ မဇ္ဈိမဒေသ (အိန္ဒိယ)တို့နှင့် သံတမန်ဆက်ဆံရေး၊ ဘာသာ ယဉ်ကျေးမှုဆက်ဆံရေး၊ ကုန်သွယ်ရေးများ ပြုခဲ့ကြောင်းကို အနော်ရထာမင်းလက်ထက်ထိုးကျောက်စာများတွင် ဖော်ညွှန်းထားသည်။

ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်ကြီးကို ပုဂံပြည်သို့ ပင့်ဆောင်သောမင်းကြီးဟု အနော်ရထာမင်းသည် ကျော်ကြားသည်။ နတ်နဂါးကိုးကွယ်မှုလွဲမှားသော မိစ္ဆာအယူများအပြင် အကျင့်ပျက်ပြားနေသော အရည်းကြီးတို့ကို ဖယ်ရှားလိုပြီး၊ စစ်မှန်သောသာသနာကို တမ်းတနေသော အနော်ရထာမင်းထံသို့ သထုံပြည်မှ ဓမ္မဒဿီအမည်ရှိသော ရှင်အရဟံမထေရ်ကြီးကြွရောက်လာပြီး စစ်မှန်သော ဗုဒ္ဓဘာသာကိုဟောကြားရာမှအစပြု၍ သထုံမှအက္ခရာတင်ပြီး ပိဋကတ်သုံးပုံနှင့်တကွ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတို့ကို ပုဂံနေပြည်တော်သို့ပင့်ဆောင်ခဲ့သည်။ ပိဋကတ်တော်များကို မွန်အက္ခရာမှ မြန်မာအက္ခရာသို့ ပြန်ဆိုစေပြီး နိုင်ငံတော်အနှံ့ဖြန့်ကာ ရဟန်းတော်များကို သာသနာပြုစေသည်။ အာဏာစက်နှင့်လွဲမှားသော ကိုးကွယ်မှုများနှင့် အကျင့်ပျက်အရည်းကြီးတို့ကို နှိမ်နင်းဖယ်ရှားပေးသည်။ ဘုရားကျောင်းကန်များတည်ဆောက်ကာ စစ်မှန်သော ဗုဒ္ဓသာသနာကြီး ထွန်းကားလာစေသည်။ သီဟိုဠ်ဘုရင်ကပင် သူ့နိုင်ငံ၌ ဗုဒ္ဓသာသနာမှေးမှိန် ကျဆင်းနေသောကြောင့် သာသနာပြုရေးအကူအညီကို အနော်ရထာမင်းထံ တောင်းခံလာရာ မြန်မာရဟန်းတော်များစေလွှတ်ပြီး သာသနာပြုပေးရသည်။ အနော်ရထာမင်းတည်ထားခဲ့သော သာသနိကအဆောက်အအုံများကား များလှသည်။ အထင်ရှားဆုံးမှာ ပုဂံရွှေစည်းခုံစေတီတော်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ စွယ်တော်ပွားနှင့်ဓာတ်တော်များ ဌာပနာထားသည်။ တုရင်တောင်တန်းမှ ကျောက်အုတ်များကို လက်ဆင့်ကမ်းသယ်ယူပြီး တည်ထားသော မြန်မာဗိသုကာလက်ရာစေတီဖြစ်သည်။ အေဒီ ၁၀၅၉နှစ်က တည်ခဲ့ရာ ယနေ့အေဒီ ၂၀၀၃နှစ်တွင် သက်တမ်း ၉၄၄ နှစ် ရှိလေပြီ။ အခြားထင်ရှားသော စေတီပုထိုးများမှာ ရွှေရင်မျှော်ဘုရား၊ တန့်ကြည့်တောင်ဘုရား၊ လောကနန္ဒာဘုရား၊ မြင်းကပါဘုရား၊ တုရင်တောင်ဘုရား၊ ကျောက်ဆည်နယ်တွင် ပြက်တောင်ဘုရား၊ ခရွှေတောင်ဘုရားမန္တလေးတောင်ဆုတောင်းပြည့်ဘုရား၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား၊ တောင်ပြုန်းဆုတောင်းပြည့်ဘုရား၊ ရှမ်းပြည်နယ်ညောင်ရွှေမြို့ ပေါ်ရိသတ်ဘုရားတို့ ဖြစ်သည်။

ပုဂံမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်အတွင်း သေချာစွာရွေးချယ်ထားသော ရှေးဟောင်းအဆောက်အအုံများ ကင်းလွတ်သော မြေသန့်တွင် အနော်ရထာမင်း၏ နန်းတော်ပြာသာဒ်ဆောင်ကို ပြန်လည်ဖော်ထုတ်တည်ဆောက် နေသည်ဖြစ်ရာ ပထမ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြုစုပျိုးထောင်ပေးခဲ့သော အနော်ရထာမင်းကို ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ပြည်သူတစ်ရပ်လုံးက ဂါရဝပြုထိုက်သော ဂုဏပူဇာကြီးဖြစ်ပေသည်။ ၂၀၀၃ခု စက်တင်ဘာ ၂ ရက်နေ့ နံနက်မင်္ဂလာအခါတော်၌ မဟာရာဇသီရိအနိရုဒ္ဓဒေဝ အနော်ရထာ မင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ပန္နက်တော်တင်မင်္ဂလာနှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကြီးကို ရှေးသမိုင်းအစဉ်အလာ ထီးနန်းဓလေ့ ထုံးတမ်းများနှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ပါဝင် ဆောင်ရွက်၍ ပြီးမြောက်အောင်မြင်သွားလေပြီ။ ကျောက်စာများ၊ မင်စာများ၊ သမိုင်းကျမ်းများ၊ နံရံဆေးရေးပန်းချီများ၊ ပေ၊ ပုရပိုက်မှတ်တမ်းမှတ်ရာများ ကိုးကား၍ ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ဗိသုကာပညာရှင်များ ပူးပေါင်းညှိနှိုင်း၍ ထုတ်ထားသော စကေးကိုက် လေးကျွန်းတမြင်းမိုရ်၊ ငါးဆက်ပြာသာဒ်ဆောင်ကြီးနှင့် ဝဲယာညီလာခံ ခန်းမကြီးတို့ကို စတင်ဆောက်လုပ်လျက်ရှိရာ မကြာမီ ပေါက္ကံရွှေပြည်မြို့တော်ကြီး၌ အနိရုဒ္ဓဒေဝ၏ ရွှေနန်းတော် ပြန်လည်ပေါ်ထွန်းလာပေတော့မည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆-၁၀-၂၀၀၃
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ဘူတံ ဘူတွ တောပဿတိ”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(မြန်မာမှု) (ခ)ပထမနှစ်(ဥပဒေပညာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လျှို့ဝှက်ချက်”**(အပိုင်း-၈)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းညီနောင်”**(အပိုင်း-၂၀)
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

အောက်တိုဘာ ၁၉ ရက်က အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုး ဖွင့်ပွဲအခမ်းအနားကို အလုံမြို့နယ် စောရန်ပိုင် (အနောက်) ရပ်ကွက်၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်လေးနုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးပေးစဉ်။

(က-ပ)

နိုင်ငံတကာအဆင့်မီ ကန်တော်ကြီးဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများ

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးကို အဆင့်မြှင့်မွမ်းမံတည်ဆောက်လျက်ရှိသည်။



ရန်ကုန်မြို့တော် ကန်တော်ကြီးပတ်ဝန်းကျင် အဆင့်မြှင့်စိမ်းလန်းစိုပြည်ရေးနှင့် တိရစ္ဆာန်ဥယျာဉ်အဆင့်မြှင့်တင်ရေးလုပ်ငန်း၏ ပုံစံငယ်ကို တွေ့ရစဉ်။

ကန်တော်ကြီးမှ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကို ဇုန်လေးဇုန်သတ်မှတ်ဆောင်ရွက်နေမှု၊ ယင်းဇုန်လေးဇုန်အတွင်း ဇုန်အလိုက်၊ ကဏ္ဍအလိုက်လုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်၍ ဇုန်အလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရုပ်ပုံကားချပ်၊ ဒီဇိုင်းပုံစံများဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ကန်တော်ကြီးဥယျာဉ်အတွင်း စားသောက်ဆိုင်များ စနစ်တကျ နေရာချထားပေးမည့် အစီအမံများနှင့် မြန်မာမှု မြန်မာ့မူဟန်နှင့်အညီတာဝန်ပေးတည်ဆောက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zone အတွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ခေတ်မီဒီဇိုင်းဖြင့် ခြံစည်းရိုးသံပန်းကာရံမှု၊ မြေယာမြက်ခင်းရှုခင်းအလှ ဆောင်ရွက်နေမှု၊ သစ်သားတံတားတည်ဆောက်ခြင်းနှင့် Timber Trellisဆောက်လုပ်ခြင်းပြီးစီးမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက Central Symbol Zone တွင် သစ်တောရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သစ်ပင်များစိုက်ပျိုးပြီးစီးမှု၊ မြေယာရှုခင်းအလှ ဆောင်ရွက်ပြီးစီးမှု၊ ခြံစည်းရိုးကာရံပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင်ပါဝင်သည့် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်ခြံဝင်း လှောင်အိမ်နှင့် အဆောက်အအုံများ ပြုပြင်မွမ်းမံအသစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေပေးဝေရေးနှင့် ရေနုတ်မြောင်းများ အဆင့်မြှင့် တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း၊ လမ်းများပြုပြင်ခြင်း၊ ယာဉ်ရပ်နားစခန်းနှင့် ငှက်ရုံများအသစ်တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအုန်းမြင့်က ကန်တော်ကြီးရေပြင် စဉ်ဆက်မပြတ် သန့်ရှင်းရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီလှငယ်က တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားမှုအခြေအနေနှင့် အဆင့်မြှင့်တည်ဆောက်မည့် ဒီဇိုင်းပုံစံများကို စနစ်တကျအရည်အသွေးစိစစ်တွေ့ရှိချက်နှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက Education Zone အတွင်း ခေတ်မီငါးပြတိုက် တည်ဆောက်ရေးစီစဉ်ဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ပုလဲကျွန်းကို အဆင့်မြှင့်မွမ်းမံတည်ဆောက်လျက်ရှိသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း ယာဉ်ရပ်နားစခန်း Cable Car တည်ဆောက်မည့် အစီအစဉ်၊ ခေတ်မီဒီဇိုင်းပုံစံများဖြင့် မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများအားလုံး အချိန်မီ ပြီးစီးရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Wood Land Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် Education Zoneတွင် ပါဝင်သည့် ရေကူးကန်၊ ပုဂ္ဂလိကအရောင်းဆိုင်၊ ခေတ်မီငါးပြတိုက်၊ ယာဉ်ရပ်နားစခန်းများ အပါအဝင် လုပ်ငန်းများအားလုံးကို ခေတ်မီဒီဇိုင်းပုံစံတို့ဖြင့် တည်ဆောက်နေမှု၊ Recreation Zone အတွင်း မြေယာရှုခင်းအလှပြုပြင် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သဘာဝဥယျာဉ်ကြီးတစ်ခု

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ကန်တော်ကြီးဥယျာဉ်မှာ ရန်ကုန်မြို့တော်ကြီးအတွင်း သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသည့် သဘာဝကပေးသည့် ထူးခြားသော နေရာတစ်ခုဖြစ်ပြီး၊ မြို့တော်၏အင်္ဂါရပ်ကိုလည်း ထူးခြားပြီး သာယာလှပမှုကို အားပြုပေးနေသည့် သဘာဝဥယျာဉ်ကြီးတစ်ခု ဖြစ်ကြောင်း။

ဥယျာဉ်အတွင်း၌လည်း ရာပေါင်းပြီး နှစ်ပေါင်းများစွာကပင် ရှင်သန်ပေါက်ရောက်နေသည့် အပင်ကြီးများဖြင့် ဖုံးလွှမ်းလျက် ရှိနေပြီဖြစ်ရာ ရှိပြီး သဘာဝအခြေခံကောင်းများကို မပျက်ယွင်းစေဘဲ မြို့တော်ကြီး၏ အင်္ဂါရပ်ပိုမိုလှပသာယာအောင် တန်ဖိုးမြှင့်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မြို့တော်နေပြည်သူများအတွက်လည်း စိတ်ရွှင်လန်းအပန်းဖြေနိုင်မည့်ဥယျာဉ်ကြီးတစ်ခုဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ အနေဖြင့်လည်း ဤကန်တော်ကြီးဥယျာဉ်ကြီးနှင့် ရန်ကုန်မြို့တော်နှင့် မနီးမဝေးတွင်ရှိနေသည့် လှော်ကားဥယျာဉ်ကြီးများ အတွင်းရှိ သဘာဝအခြေခံသည့် အပန်းဖြေလေ့လာမှုများ ပြုလုပ်နိုင်သဖြင့် မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူ ဖြစ်စေမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်မှုလုပ်ငန်းများကိုလည်း ကန်တော်ကြီး၏အလှနှင့် သဘာဝအခြေခံများကို ပျက်ယွင်းမှုမရှိစေဘဲ လိုက်လျောညီထွေရှိမည့် တည်ဆောက်မှုများကိုသာ ဆောင်ရွက်ကြရန်လိုကြောင်း၊

စနစ်တကျပူးပေါင်းဆောင်ရွက်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို အဆင့်မြှင့်တည်ဆောက်ပေးလျက်ရှိသည်။

ဤကန်တော်ကြီးဥယျာဉ်၏ သဘာဝကပေးအပ်ထားသော ထူးခြားသည့်သဘာဝရလဒ်ကြီးကို တန်ဖိုးထားအဆင့်မြှင့် မွမ်းမံမှုပြုလုပ်ရန်လိုအပ်သကဲ့သို့ သဘာဝအလျောက်ဖြစ်တည်နေသည့် အခြေခံကောင်းများ မပျက်ယွင်းစေဘဲ ရေရှည်တည်တံ့မှုရှိအောင် ရန်ကုန်မြို့တော်ကြီး၏ အင်္ဂါရပ်များ ပိုမိုမြင့်မားလာစေရန် သက်ဆိုင်ရာဌာနများက မိမိတို့အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်မှုများကို စနစ်တကျပူးပေါင်းဆောင်ရွက်သွားကြရေး မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ် Recreation Zone အတွင်း အဆင့်မြှင့်တင် ပြုပြင်မှုလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

▼ ***ဒုတိယအကြိမ်မှ***

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Bouathong Vong Lokham၊ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ Secretary General, Dato Zahara Shaari၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန Road Transport Planning Division မှ အကြီးအကဲ Mr. Arnel R. Manresa၊ စင်ကာပူသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Yeo Cheow Tong၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nikorn Chamnong နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Pham The Minh၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Zhang Chunxian၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Ong Keng Yong၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အိမ်ရှင်နိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဆောင်ရွက်ပြီး ပူးတွဲသဘာပတိအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhang Chunxian က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ၂၀၀၁ခုနှစ် နိုဝင်ဘာလတွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သော (၅)ကြိမ်မြောက် အာဆီယံနှင့် တရုတ်ထိပ်သီးဆွေးနွေးပွဲတွင် အာဆီယံခေါင်းဆောင်များနှင့် တရုတ်ဝန်ကြီးချုပ် Mr.Zhu Rongi တို့သည် အာဆီယံနှင့် တရုတ်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ အာဆီယံနှင့် တရုတ် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုသည် ကုန်းလမ်းပို့ဆောင်ရေး အခြေခံအဆောက်အအုံနှင့် ကုန်းလမ်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ ပင်လယ်ရေကြောင်းနှင့် မြစ်ကြောင်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များအတွက် လွှမ်းခြုံဆောင်ရွက်မည် ဖြစ်ကြောင်း။

ပထမအကြိမ် အာဆီယံ–တရုတ် မူဝါဒဆိုင်ရာ ပြန်လှန်ဆွေးနွေးပွဲကို ၂၀၀၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာ၌ ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် အာဆီယံ–တရုတ် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် “ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်”ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများကို ကုန်းလမ်းပို့ဆောင်ရေး အခြေခံ အဆောက်အအုံနှင့် ကုန်းလမ်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ ပင်လယ်ရေကြောင်းနှင့် မြစ်ကြောင်းပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း။

ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု၏ ကနဦးအဆင့်တွင် စတင်လုပ်ဆောင်ရန်အတွက် တရုတ်နိုင်ငံက ရည်ရွယ်ထားသည့်နယ်ပယ်များတွင် လာအိုနိုင်ငံကိုဖြတ်၍ ကူမင်း–ဗန်ကောက် အဝေးပြေးလမ်းမကြီးဖောက်လုပ်ခြင်း၊ လန်ချန်–မဲခေါင်မြစ်အထက်ပိုင်းတွင် ကုန်သွယ်ရေကြောင်းသွားလာမှုဆိုင်ရာ သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်း၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲအတွင်း နယ်စပ်ဖြတ်ကျော် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း လွယ်ကူချောမွေ့စေခြင်း၊ ပန်–အာရှ (Pan-Asia) ရထားလမ်းဖောက်လုပ်ခြင်းတို့ဖြစ်ကြောင်းကို မိမိတို့ သိရှိပြီးဖြစ်ကြောင်း။

ဒုတိယအကြိမ်မြောက် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးအရာရှိကြီးများ အစည်းအဝေးတွင် မိမိတို့၏အရာရှိများသည် မိမိတို့ ဂျကာတာ၌ ကျင်းပခဲ့သော ပထမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးပြီးကတည်းက စတင်လုပ်ဆောင်ခဲ့ကြသည့် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်လာသော အခြေအနေများကို မှတ်တမ်းတင်ခဲ့ကြကြောင်း။

တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှု မူဘောင်(AMBDC)အတွင်း ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့မှုကို မိမိတို့ ကျေးဇူးတင်ရှိပါကြောင်း၊ ဤအခမ်းအနားတွင် တရုတ်နိုင်ငံမှ အဆိုပြုတင်ပြထားသော အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ၂၀၀၄ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် ကနဦးပူးတွဲစီမံကိန်းများ၊ လုပ်ငန်းများနှင့်ပတ်သက်ပြီး မိမိတို့အရာရှိများ၏ ထောက်ခံတင်ပြချက်၊ ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပို့ဆောင်ရေးကွန်ရက်ကို အာဆီယံနှင့်အတူတွဲ၍ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် စဉ်းစားဆုံးဖြတ်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် လူကြီးမင်းအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းကို အာဆီယံပို့ဆောင်ရေးဝန်ကြီးများကိုယ်စား ပြောကြားလိုကြောင်း၊ လူကြီးမင်းနှင့်တကွ ဤအစည်းအဝေးကိုတက်ရောက်လာကြသော လူကြီးမင်း၏ အဖွဲ့ဝင်ကိုယ်စားလှယ်တော်များအားလုံး မြန်မာနိုင်ငံ၌ရှိစဉ်အတွင်း စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ချမ်းမြေ့သာယာရှိပါစေဟု ဆုမွန်တောင်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ပူးတွဲသဘာပတိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Zhang Chunxian က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအချိန်၌ မိမိတို့သည် မိမိတို့နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်စေရန်၊ တိုးတက်စေရန် ကြိုးစားဆောင်ရွက်နေကြသည့်အချိန်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းချက်အနေဖြင့် အာဆီယံနှင့်တရုတ်တို့ကြားတွင် ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို မည်သို့တိုးချဲ့ဆောင်ရွက်ကြမည်ကို ဤအစည်းအဝေးတွင် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အာဆီယံနှင့် တရုတ်ခေါင်းဆောင်များသည် “အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန် ယုံကြည်ကိုးစားမှုအတွက် အတူညီညာလက်တွဲမှု ပူးတွဲကြေညာချက်”ကို ၁၉၉၇ တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက်တွင် တရုတ်နိုင်ငံ၏ ကီလိုမီတာ ၂၆၀၀၀ အရှည်ရှိ လမ်းကြောင်းကို အာဆီယံအဝေးပြေးလမ်းကွန်ရက်နှင့် ဆက်သွယ်လိုပါကြောင်း၊ ဤသို့ဆက်သွယ်နိုင်ပါက အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေ ဖော်ဆောင်မှုကိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တရုတ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ပူးတွဲဆောင်ရွက်သည့် မဲခေါင်မြစ်အထက်ပိုင်း ရေလမ်းကြောင်း တိုးတက်မှုစီမံကိန်း၊ Pan-Asia ရထားလမ်းကြောင်းကိစ္စ၊ ကူမင်း–ဗန်ကောက် အဝေးပြေးလမ်းမကြီးကို ဆက်သွယ်မည့် တရုတ်နိုင်ငံအတွင်းရှိ လမ်းဆက်သွယ်မှုကိစ္စ၊ လေကြောင်းဆိုင်ရာနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် နှစ်ဦးနှစ်ဖက် အကျိုးတူ လေကြောင်းဝန်ဆောင်မှုအစီအစဉ်နှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုတင်ပြပြီးနောက် ဆက်လက်ပြီး အာဆီယံနှင့် တရုတ်ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သော “ပူးတွဲကြေညာစာတမ်း”သည် အာဆီယံနှင့် တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကသော့ချက်ဖြစ်စေခဲ့ကြောင်း၊ အာဆီယံနှင့် တရုတ် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုတွင် ရင်းနှီးခိုင်မာနက်ရှိုင်းစွာ ကြိုးပမ်းဆောင်ရွက်သွားရန် အကြံပြုလိုကြောင်း။

အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းများအား အကောင်အထည်ဖော်ခြင်းကို အရှိန်မြှင့်ဆောင်ရွက်ခြင်း၊ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ ရေကြောင်းပို့ဆောင်ရေး စီမံညွှန်ကြားမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပေးပို့ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခြင်း၊ ကာလရှည်ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို ညှိနှိုင်းဆွေးနွေးပြီး လက်မှတ်ရေးထိုးခြင်းတို့ဖြစ်ကြောင်း။

နောက်ဆုံးအနေဖြင့် အာဆီယံနှင့်တရုတ် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာခြင်းသည် ယခုနှင့်အနာဂတ်မျိုးဆက်များအတွက် အလွန်အကျိုးကျေးဇူးရှိကြောင်း၊ တရုတ်နိုင်ငံသည် မိမိတို့၏ အာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်တည်မြဲစေလျက် အာဆီယံနိုင်ငံများနှင့် ရှေ့ဆက်လက်၍လည်း အတူလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုင်ပေါင်း ၁၀၀၀ ခရီးလမ်းကို ယခုပထမအဆင့်အနေဖြင့် လျှောက်လှမ်းခဲ့ပြီးဖြစ်ကြောင်း၊ ဤမိမိတို့၏ အာဆီယံနှင့်တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့၏မြေကို အနာဂတ်တွင် ပိုမိုကောင်းမွန်သာယာလှပသောမြေဖြစ်အောင် ဖန်တီးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ၂၀၀၃ခုနှစ် အောက်တိုဘာ၂၂ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အာဆီယံ+တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာပါအချက်များကို အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သဘာပတိ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၏ တင်ပြချက်များအပေါ် ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် အာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်များကိုလည်းကောင်း၊ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရန် ပူးတွဲစီမံကိန်းများနှင့် လှုပ်ရှားမှုများကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာစာတမ်းအပေါ် ဆွေးနွေးအတည်ပြုကြကာ ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pehin Dato Haji Zakaria Sulaiman၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ Director General of Public Works, Mr. Chhin Kong Hean၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ Legal Affairs and International Cooperation Bureau မှ ဒါရိုက်တာ Mr. Kalalo Nugroho၊ လာအိုပြည်သူ့ဒီမိုကရစ်တစ်သမ္မတနိုင်ငံ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စာတိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bouathong Vonglokham၊ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ Secretary General, Dato Zahara Shaari၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန Road Transport Planning Division မှအကြီးအကဲ Mr. Arnel R. Manresa၊ စင်ကာပူသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Yeo Cheow Tong၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Nikorn Chamnong နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Pham The Minh၊ ဂျပန်နိုင်ငံ Ministry of Land, Infrastructure and Transport မှ ပါလီမန်အတွင်းဝန် H.E.Mr. Yousuke Tsuruho၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Ong Keng Yong၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် သဘာပတိအဖြစ် အိမ်ရှင်နိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဆောင်ရွက်ပြီး ပူးတွဲသဘာပတိအဖြစ် ဂျပန်နိုင်ငံမှ Ministry of Land, Infrastructure and Transport မှ ပါလီမန်အတွင်းဝန် H.E.Mr. Yousuke Tsuruho က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ၂၀၀၂ခုနှစ် ဇန်နဝါရီလအတွင်းက စင်ကာပူနိုင်ငံတွင် ဂျပန်ဝန်ကြီးချုပ် Mr. Junichiro Koizumi ပြောကြားခဲ့သော မိန့်ခွန်းတစ်ခု၌ ‘အတူဆောင်ရွက်၊ အတူရှေ့သို့တက်’ ဟူသော စိတ်ဓာတ်မျိုးဖြင့် အာဆီယံနှင့်ဂျပန် ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေးလက်တွဲဆောင်ရွက်ရေး (CEP)ကိစ္စရပ်ကို ဂျပန်ဝန်ကြီးချုပ်က လမ်းကြောင်းချမှတ်ပေးခဲ့ကြောင်း၊ ယင်းအချိန်ကစပြီး အာဆီယံနှင့်ဂျပန် ဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် ခိုင်မာတိုးတက်လာခဲ့သည်ကို မိမိတို့အားလုံး ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း။

စွမ်းဆောင်ရည်ပြည့်ဝပြီး အားထားယုံကြည်နိုင်သည့် ဘေးကင်းလုံခြုံသော ပို့ဆောင်ရေးစနစ်သာမရှိဘူးဆိုလျှင် အာဆီယံနှင့်ဂျပန်နိုင်ငံကြား သွက်လက်လျင်မြန်သော ကုန်သွယ်ရေးဖြစ်ပေါ်မလာနိုင်ဘူးဟု မိမိတို့ယုံကြည်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော ပို့ဆောင်ရေးကွန်ရက်သည် ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် ပမာဏလိုအပ်ချက်ကြီးတစ်ခု ဖြစ်သည်ဆိုသည်ကိုလည်း မိမိတို့နားလည်ထားကြောင်း၊ ထို့အပြင် စွမ်းဆောင်ရည်နှင့် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုဖြစ်စေနိုင်ရန် IT နည်းပညာကဲ့သို့ နည်းပညာအသစ်များကလည်း အာဆီယံပို့ဆောင်ရေးကွန်ရက်၌ အသုံးချလာနိုင်စရာရှိကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံ ပို့ဆောင်ရေးကွန်ရက် အောင်မြင်တိုးတက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်လိုအပ်ပါကြောင်း။

၂၀၀၃ ခုနှစ် မေ ၇ရက်နှင့် ၈ ရက်တို့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ အာဆီယံ–ဂျပန် ပို့ဆောင်ရေးမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖြစ်မြောက်အောင်လက်ခံကျင်းပပေးခဲ့သည့်အတွက် လူကြီးမင်းနှင့် လူကြီးမင်း၏ ဝန်ကြီးဌာနကို အလွန်ကျေးဇူးတင်ရှိပါကြောင်းကို အာဆီယံပို့ဆောင်ရေးဝန်ကြီးများကိုယ်စား ပြောကြားလိုပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲမှစပြီး ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ လေကြောင်းပို့ဆောင်ရေး၊ ရေကြောင်း ပို့ဆောင်ရေး၊ ကုန်းကြောင်းပို့ဆောင်ရေးနှင့် အခြားကိစ္စရပ်များနှင့်ပတ်သက်သော အာဆီယံ–ဂျပန် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ၂၂ ခု ပေါ်ထွက်လာခဲ့ကြောင်း။

အာဆီယံ–ဂျပန် ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး နှစ်ကြိမ်ဖြစ်သော ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပခဲ့သော အစည်းအဝေးနှင့် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပခဲ့သော အစည်းအဝေးတို့မှ ပေါ်ထွက်လာသည့်အချက်များနှင့် အကြံပြုတင်ပြချက်များကို ဤအခမ်းအနားတွင် မိမိတို့၏အရာရှိများထံမှ မိမိတို့ကြားသိကြရမည်ဖြစ်ကြောင်း၊ ဤထွက်ပေါ်လာသောရလဒ်များနှင့် အကြံပြုတင်ပြချက်များကို အခြေခံပြီး ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်းတွင် အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့ ဆွေးနွေးကြမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ အာဆီယံနိုင်ငံများအတွင်း အရည်အသွေးမီ ပို့ဆောင်ရေးကွန်ရက် ပေါ်ထွန်းလာစေရန်အတွက် လူကြီးမင်း၏ ထောက်ထားကူညီမှုကို အလွန်ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းကို အာဆီယံပို့ဆောင်ရေးဝန်ကြီးများကိုယ်စား ပြောကြားလိုကြောင်း၊ လူကြီးမင်းနှင့်တကွ ဤအစည်းအဝေးကို တက်ရောက်လာကြသော လူကြီးမင်း၏

စာမျက်နှာ ၁၃ ကော်လံ ၁

အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ဒုတိယအကြိမ်အာဆီယံနှင့်တရုတ်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ပထမအကြိမ်အာဆီယံနှင့်ဂျပန်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲကျင်းပ

(၉)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံနှင့် ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံနှင့် တရုတ်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pehin Dato Haji Zakaria Sulaiman ၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ Director General of Public Works, Mr. Chhin Kong Hean၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ Legal Affairs and International Cooperation Bureau မှ ဒါရိုက်တာ Mr. Kalalo Nugroho၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စာတိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Bouathong Vonglokham၊ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ Secretary General, Dato Zahara Shaari ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန Road Transport Planning Divisionမှ အကြီးအကဲ Mr. Arnel R. Manresa ၊ စင်ကာပူသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Mr. Wong Kok Onn၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nikorn Chamnong နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Pham The Minh၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhang Chunxian၊ ဂျပန်နိုင်ငံမှ ကုန်းလမ်း အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန် H.E. Mr. Yousuke Tsuruho၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Ong Keng Yong ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်းနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)စာတည်းမှူးချုပ် ဦးတင်လှိုင်၊ ကျိုးဒိုသတင်းဌာနမှ သတင်းထောက် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဝင် သတင်းထောက်များ၊ မြန်မာတိုင်း(မ်)မှ သတင်းထောက်၊ သတင်းစာတိုက်များနှင့် မြန်မာ့သတင်းစဉ်(ပြည်တွင်း)နှင့် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)တို့မှ စာတည်းများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ယနေ့အထိ ကျင်းပခဲ့သော (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံနှင့် ဂျပန်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ပူးတွဲသတင်းထုတ်ပြန်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားရာတွင် ရှေးဦးစွာ အာဆီယံအတွင်းရေးမှူးချုပ် H.E. Ong Keng Yong က ဖြေကြားရာ၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ခေါင်းဆောင်များသည် ယခုနှစ် အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ယင်းအာဆီယံခေါင်းဆောင်များက စိန်ခေါ်မှုသုံးရပ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ ယင်းစိန်ခေါ်မှုသုံးရပ်မှာ အကြမ်းဖက်မှုလုပ်ရပ်၊ ပြန်လည်ခေါင်းထောင်လာနိုင်သော ကူးဆက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါ ကဲ့သို့သော ကူးစက်နိုင်သည့် ရောဂါဘယကိစ္စရပ်များနှင့် အိမ်နီးချင်းနိုင်ငံများက နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ရရှိရေးအတွက် တိုးမြှင့်ပြိုင်ဆိုင်လာမှုများဖြစ်ကြောင်း။

အာဆီယံတစ်ဖွဲ့လုံး အလေးထားရမည့် စိန်ခေါ်မှုများကို သတိပြုမိကြောင်း၊ထိုသို့ သတိမပြုမိပါက အရှေ့တောင်အာရှတွင် စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လိုမှု လျော့နည်းစေမည်ဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသည်လာရောက်မှုလည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ ထို့ပြင်မက နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလည်း ကျဆင်းသွားနိုင်ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊အိန္ဒိယနိုင်ငံတို့အပြင် ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကဲ့သို့သော တိုင်းပြည်များတွင် စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးချဲ့လုပ်ဆောင်မှုကြောင့် ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ဆွေးနွေးကြရာတွင် စိန်ခေါ်မှုများအပေါ် အာဆီယံက တုံ့ပြန်နိုင်မည့် အစီအစဉ်များကိုလည်း ချမှတ်ထားကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကဲ့သို့သော နိုင်ငံများတွင် တိုးပွားများပြားလာနေသော အခွင့်အလမ်းများကို အရယူနိုင်ရန်လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ဘာလီကွန်ကော့ခေါ် ဘာလီ သဘောတူညီချက်ကိုလည်းချမှတ်နိုင်ခဲ့ကြောင်း၊ ယင်း ဘာလီကွန်ကော့သည် အာဆီယံကွန်ကော့ကြေညာချက် အမှတ်(၂) ပင် ဖြစ်ကြောင်း။

၁၉၇၆ ခုနှစ်တွင် အာဆီယံကွန်ကော့ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဘာလီကွန်ကော့ကို ကွန်ကော့(၂)ဟု အမည်ပေးထားခြင်းဖြစ်ကြောင်း၊ မဟာဗျူဟာမြို့စုံကိုလည်း ချမှတ်ကြကြောင်း၊ ယင်းမဟာဗျူဟာများမှာ အာဆီယံပူးပေါင်းဆောင်ရွက်မှု ကျစ်လျစ်ခိုင်မာအောင် မည်သို့မည်ပုံ တိုးမြှင့်ဆောင်ရွက်ရန် ဆိုသည့် အချက်လည်း ပါဝင်ကြောင်း၊ အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကျစ်လျစ်ခိုင်မာအောင် အရှိန်မြှင့်ဆောင်ရွက်နိုင်ရေးကိုလည်းကောင်း၊ အာဆီယံသည် တစ်ခုတည်းသော သီးခြားဈေးကွက်နှင့် ထုတ်လုပ်ရေးစခန်း ဖြစ်လာရေးကိုလည်းကောင်း ခေါင်းဆောင်များက လိုလားနေကြကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံကို ပိုမိုစိတ်ဝင်စားလာအောင်၊ မိမိတို့ထံ ပိုမိုရင်းနှီးမြှုပ်နှံလာအောင်၊ အာဆီယံတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာအောင် ပိုမိုဆွဲဆောင်ရမည်ဖြစ်ကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းတို့ အားလုံးတွင် ပိုမိုလွယ်ကူသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ စီးပွားရေးကဏ္ဍမျိုးစုံတွင် တိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက် ပိုမိုလွတ်လပ် အောင်လည်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သို့မှသာ လူတိုင်း ပါဝင်လာနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အကြမ်းဖက်လုပ်ရပ်များ၏ ဆိုးကျိုးများ၊ ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါ၏ ဆိုးကျိုးများနှင့် စီးပွားရေးပြိုင်ဆိုင်မှုများကို ခေါင်းဆောင်များက စိန်ခေါ်မှုဟု ရှုမြင်ကြကြောင်း၊ အကယ်၍သာ မိမိတို့အနေဖြင့် ယင်းကိစ္စကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ အမြန်ဖြေရှင်းခြင်းမပြုပါက အာဆီယံအနေဖြင့် စီးပွားရေးနယ်ပယ်တွင် မြင့်မားနေသည့် ဖွံ့ဖြိုးတိုးတက်မှု အနေအထားကို ဆက်လက်ထိန်းသိမ်းထားရန် ခက်ခဲကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လွတ်လပ်စွာ လေကြောင်းပျံသန်းရေးအစီအစဉ်သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် ဖြစ်ကြောင်း၊ထို့ကြောင့် မိမိတို့အနေဖြင့် အာဆီယံဒေသအတွင်း လွတ်လပ်စွာ လေကြောင်းပျံသန်းရေး အစီအစဉ် ဖြစ်ပေါ်လာရန်နှင့် အောင်မြင်မှုများရရှိရန် လိုလားသည်ဆိုသည်ဟု အာဆီယံခေါင်းဆောင်များက ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့အပြင် အခြားသော နိုင်ငံများကလည်း လွတ်လပ်စွာ လေကြောင်းပျံသန်းမှုဆိုင်ရာ မူဝါဒ ဖြစ်ပေါ်လာစေရန် အခြားသော နိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆိုကြကြောင်း၊ အာဆီယံအဖွဲ့အနေအထား၌ မိမိတို့တွင် အာဆီယံ လေကြောင်းလိုင်းများနှင့် အခြားလေကြောင်းလိုင်းများ ပိုမိုလွတ်လပ်စွာ လေကြောင်းပျံသန်းမှု ဖြစ်ထွန်းလာရေးအတွက် မိမိတို့ကိုယ်ပိုင် အခြေခံမူဘောင်များရှိထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုင်းနှင့်စင်ကာပူနိုင်ငံတို့အပြင် အခြားနိုင်ငံများက သီးခြားလှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြကြောင်း၊ ယင်းလွတ်လပ်စွာ လေကြောင်းပျံသန်းရေးအစီအစဉ်သည် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်ကြောင်း၊ အရှေ့တောင်အာရှသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်နိုင်မည်ဖြစ်ပြီး လေကြောင်းလိုင်းများ ပိုမို ပျံသန်းလာနိုင်ကြောင်း၊ ထိုသို့ပျံသန်းနိုင်သည့်အခါ မြန်မာနိုင်ငံသို့လည်း ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ကြမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် ဗန်ကောက်၊ ကွာလာလမ်ပူတို့ကြား လေကြောင်း အဆက်အသွယ်များရှိနေပြီဖြစ်ကြောင်း၊ နောင်တွင် မြန်မာနိုင်ငံရှိ မြို့ကြီးများနှင့် အရှေ့တောင်အာရှ မြို့တော်များကြား တိုက်ရိုက်လေကြောင်းဆက်သွယ်မှုများကိုတွေ့မြင်ကြရတော့မည် ဖြစ်ကြောင်း၊ လတ်တလော အကျိုးစီးပွားတစ်ခုအဖြစ် ကမ္ဘာလှည့် ခရီးသည်များ ပိုမိုလာရောက် နိုင်ကြတော့မည် ဖြစ်ကြောင်း၊ လွတ်လပ်စွာ လေကြောင်းပျံသန်းမှု အစီ အစဉ်အရ လေယာဉ်ပျံသန်းမှု အစီအစဉ်များကို အသုံးပြုပြီး စီးပွားရေး လုပ်ငန်းရှင်များ ပိုမိုလာရောက်ကြတော့မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အာဆီယံ ဒေသတစ်ဝိုက်တွင် ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်းဖြင့်အာဆီယံအတွင်းရေးမှူးချုပ်က ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

အဖွဲ့ဝင် ကိုယ်စားလှယ်တော်များအားလုံး မြန်မာနိုင်ငံ၌ရှိစဉ်အတွင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ချမ်းမြေ့သာယာရှိပါစေဟု ဆုမွန်တောင်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသွားသည်။

ထို့နောက် ပူးတွဲသဘာပတိ ဂျပန်နိုင်ငံ Ministry of Land, Infrastructure and Transport ° မှ ပါလီမန်အတွင်းဝန် H.E. Mr. Yousuke Tsuruho °က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွန်ခဲ့သည့် တစ်နှစ်၊ နှစ်နှစ်ကို ပြန်ကြည့်မည်ဆိုပါက ဂျပန်နှင့်အာဆီယံကြား ဆက်ဆံရေး တိုးတက်လာသည်ကို တွေ့နိုင်ကြောင်း၊ မိမိတို့၏အကြီးအကဲများသည် အာဆီယံနှင့် ဂျပန်အကြား စီးပွားရေးဆက်ဆံမှု ပိုမိုခိုင်မာစေလိုသည့်ဆန္ဒကို အကြိမ်ကြိမ် ဖော်ပြခဲ့ကြောင်း၊ ယခုအခါ အာဆီယံနှင့်ဂျပန်အကြား ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေးလက်တွဲဆောင်ရွက်မှုဖြစ်စေရန် စတင်ကြိုးပမ်း လုပ်ဆောင်နေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖြစ်တည်မှုကာလတွင် အမေရိကနှင့် ဥရောပတို့သည် ဒေသဆိုင်ရာ စီးပွားရေးစုစည်းညီညွတ်မှုများ ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် အာဆီယံနှင့် ဂျပန်အကြား၌လည်း ပိုမိုနီးစပ်သော စီးပွားရေးဆက်သွယ်မှုရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ ဤအခြေအနေတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ပို့ဆောင်ရေးသည် စီးပွားရေးနှင့်လူမှုရေးတို့အတွက် အခြေခံအဆောက်အအုံဖြစ်ကြောင်း၊ စွမ်းရည်ပြည့်ဝသော ပို့ဆောင်ရေးကွန်ရက်တစ်ခုမရှိပါက ကောင်းမွန်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မည်သို့မျှဖြစ်ပေါ်မလာနိုင်ကြောင်း။

ဤပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးတွင် မိမိတို့သည် အနာဂတ်တွင် အတူလက်တွဲဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဖန်တီးနိုင်ရန် အခြေခံတစ်ရပ်ကို ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ အနာဂတ် အစည်းအဝေးများတွင် မိမိတို့လက်တွဲဆောင်ရွက်မှု၏ အသီးအပွင့်ကို ခံစားရရှိနိုင်ကြမည်ဟု အခိုင်အမာယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပခဲ့သော ပထမအကြိမ် အာဆီယံ+ဂျပန်ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပခဲ့သော ဒုတိယအကြိမ် အာဆီယံ+ဂျပန် ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့၏ အစီရင်ခံစာပါ အချက်များကို အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး သဘာပတိ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုပေးကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အာဆီယံနှင့် ဂျပန် ပူးတွဲစီမံကိန်း (၁၆)ခုကိုလည်းကောင်း၊ ပထမအကြိမ် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်စာတမ်းကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကာ အတည်ပြုပေးကြပြီး ပထမအကြိမ် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ညပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက(၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်လာကြသည့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ဝါသနာရှင်အဆင့် အိုးစည်ပြိုင်ပွဲကို ကြည့်ရှု အားပေးစဉ်နှင့် ရန်ကုန်တိုင်း ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဒွါဒသမနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဒွါဒသမနေ့ (၁၂ ရက်) မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရာသို့ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များဖြစ်ကြသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို လေးစားချစ်ခင် မြတ်နိုးကြသူများ၊ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကမ္ဘာလှည့် ခရီးသည်များ၊ ကျောင်းသား ကျောင်းသူများ တစ်ခဲနက် တက်ရောက် ကြည့်ရှု နားသောတဆင် အားပေးကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒွါဒသမနေ့ (၁၂ ရက်)မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၅) နှစ်မှ (၂၀)နှစ် (အမျိုးသား) ဓမ္မပူဇာ တေး အဆိုပြိုင်ပွဲကိုကျင်းပရာ ဂီတစာဆို ရွှေတိုင်ညွန့် ရေးစပ်သီကုံးပြီး တေးသံရှင် ဂီတာစိမ်းမောင် သီဆိုခဲ့သည့် ‘အန္တရာယ်ကင်း’ သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်အောင်ကျော်မျိုး၊ ကရင်ပြည်နယ်မှ မောင်ပြည့်ဖြိုးကျော်၊ တနင်္သာရီတိုင်းမှ မောင်ဟန်စိုး၊ မကွေးတိုင်းမှ မောင်မျိုးခိုင်(ခ)စတား၊ ရခိုင်ပြည်နယ်မှ မောင်သန့်ဇင်၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ ရှမ်းပြည်နယ်မှမောင်သက်ပိုင်ထွန်း၊ရန်ကုန်တိုင်းမှ မောင်စိုးထက်လင်း၊ စစ်ကိုင်းတိုင်းမှ မောင်မွန်ချမ်းသာဦး၊ ချင်းပြည်နယ်မှ မောင်နီကျုံးထန်(ခ)မောင်မြင့်ဆန်း၊ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်၊ ဧရာဝတီတိုင်းမှ မောင်ဝင်းထွဋ်၊ မန္တလေးတိုင်းမှ မောင်ဇာနည်ဝင်းနှင့် မောင်ကျော်သူထွန်း၊ ကယားပြည်နယ်မှ မောင်မျိုးမြင့်အောင်နှင့် ကချင်ပြည်နယ်မှ မောင်မရစ်မျိုးဆန့်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီ ၄၀ မိနစ်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကိုမွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ ဝါသနာရှင်အဆင့် (အမျိုးသမီး) ခေတ်ဟောင်းကာလပေါ်တေးဆိုပြိုင်ပွဲ၌ ဂီတစာဆို ဂီတနက်သန် ကိုစောညိန်း ရေးစပ်သီကုံးပြီး တေးသံရှင် မြင့်မြင့်ရှိန်သီဆိုခဲ့သည့် ‘မြနဒီ’ တေးသီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်၊ တနင်္သာရီတိုင်းမှ မခင်သူဇာ၊ ကရင်ပြည်နယ်မှ မစန်းစန်းဌေး၊ ပဲခူးတိုင်းမှ ဒေါ်မော်မော်၊ ဧရာဝတီတိုင်းမှ မဌေးဌေးစမ်း၊ မွန်ပြည်နယ်မှ မရွှေစင်လှိုင်၊ ကချင်ပြည်နယ်မှ မခင်မျိုးအေး၊ ချင်းပြည်နယ်မှ မအေးအေးဦး(ခ) ဇာဇာဝင်းထက်၊ ရန်ကုန်တိုင်းမှ မဆွေဆွေမြင့်၊ မန္တလေးတိုင်းမှ ဒေါ်မိုးမိုးလွင်၊ ကယားပြည်နယ်မှ နန်းစန္ဒီတင်ကြွယ်၊ ရန်ကုန်တိုင်းမှ မသူဇာအောင်၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်၊ မကွေးတိုင်းမှ ဒေါ်တင်နိုင်မိုး၊ ရှမ်းပြည်နယ်မှ ဒေါ်ဖြူဖြူလွင်နှင့် စစ်ကိုင်းတိုင်းမှ မကေရီဘိုဘိုတို့သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ၏ ဒွါဒသမနေ့ (၁၂ ရက်) မြောက်နေ့အစီအစဉ်များကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်သည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့်အသက် (၁၀-၁၅)နှစ် အရေးပြိုင်ပွဲဝင်များ၏သီချင်းများ ယှဉ်ပြိုင်ခြင်းကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အရေးပြိုင်ပွဲ၌‘ဒို့ကျောင်းဂုဏ်ရည်’ သီချင်းခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ မောင်ထက်အောင်လင်း၊ ကယားပြည်နယ်မှ မခင်ငြိမ်းချမ်းကို၊ မန္တလေးတိုင်းမှ မပွင့်ဖြူ၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းဘိုဘို၊ မန္တလေးတိုင်းမှ မရီရီပြုံး၊ ပဲခူးတိုင်းမှ မဟန်နီနီနိုင်၊ ရန်ကုန်တိုင်းမှ မဆုရွှက်ဝေ၊ မွန်ပြည်နယ်မှ မလဝန်းသော်တာ၊ ဧရာဝတီတိုင်းမှ မဖြိုးသဉ္ဇာခင်၊ ရန်ကုန်တိုင်းမှ မောင်လူလူလှိုင်ဝင်းနှင့် တနင်္သာရီတိုင်းမှ မအေးမြတ်မြတ်မျိုးတို့၏ သီချင်းစာသားများကို အနုပညာရှင်များနှင့်တွဲဖက်၍ တီးမှုတ်သီဆိုပြိုင်ပွဲဝင်ကြသည်။

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(အမျိုးသမီး) ဆိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မချိုချိုမာနှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဒေါ်ခင်သစ်လွင်နှင့် အဖွဲ့နှင့် ဧရာဝတီတိုင်းမှ ဒေါ်လှလှခိုင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ် ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မအိအိမွန်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မမိုးစန္ဒာသင်း(ခ) ချစ်စုမနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မသီတာဝင်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်းမှ မမြမြဝင်းနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စုနှင့် အဖွဲ့၊ ဧရာဝတီတိုင်းမှ မယုဝေနှင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မနွယ်နွယ်ထွန်း(ခ) တုံတုံနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မဥမ္မာဝင်းနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မအေးမိစံနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အိုးစည်အတီးပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် အိုးစည်အတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် အဖွဲ့လိုက် အိုးစည်အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဦးဇင်မင်းလတ်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးဟန်ဌေးနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထွန်းထွန်းဝင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မျိုးအောင်ဦး(ခ) မောင်ဦးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုကိုဖြူနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးဟိန်းထက်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ကိုသက်နိုင်နှင့်အဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အဖွဲ့လိုက် အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်သူနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်ဇင်မျိုး(ခ) စံရှားနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ညီတုတ်နှင့်အဖွဲ့၊မန္တလေးတိုင်းမှ မောင်ချမ်းသာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရန်ကျော်နှင့်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

မဟာဇနကရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ ရောလှိုင်းရုပ်စုံမဟာသဘင်အဖွဲ့ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂၅

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ မဟာဇနက ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်ကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ယှဉ်ပြိုင်တင်ဆက်ရာ ဧရာဝတီတိုင်းကိုယ်စားပြု ရောလှိုင်း ရုပ်စုံမဟာသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင် တင်ဆက်သည်။

အဆိုပါပြိုင်ပွဲသို့ ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်များဖြစ်ကြသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးဖေငြိမ်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ဇာတ်သဘင် အနုပညာရှင်ကြီးများနှင့် မြန်မာ့ရိုးရာအနုပညာကို ချစ်ခင်မြတ်နိုး တန်ဖိုးထားလေးစားကြသော ရွှေပွဲလာပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ည ပါဝင်ယှဉ်ပြိုင်သော ဧရာဝတီတိုင်းမှ သဘင်ပညာရှင်များ၏ ရောလှိုင်း ရုပ်စုံမဟာသဘင်အဖွဲ့တွင် ရုပ်သေးကြိုးဆွဲ ပညာရှင်များဖြစ်ကြသည့် ဦးစိုးမြင့် ခေါင်းဆောင်သောအဖွဲ့က ဆို-ဝို-ပြော ပညာရှင် ရွှေမန်းအောင်စိုးမင်း အဖွဲ့နှင့် မြမင်းဗိုလ် ဇာတ်ပို့ဆိုင်းအဖွဲ့တို့နှင့် တွဲဖက်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးကြိုးဆွဲ အနုပညာ ရသမြောက်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ မဟာဇနက ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ ဆဋ္ဌမနေ့ အစီအစဉ်များကို အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းကိုယ်စားပြု ရွှေရတနာမြိုင် ရုပ်စုံအဖွဲ့ ယှဉ်ပြိုင်တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀-၁၅) နှစ် အရေး ပြိုင်ပွဲတွင် ‘ဒို့ကျောင်းဂုဏ်ရည်’သီချင်းဖြင့် မန္တလေးတိုင်းမှ မပွင့်ဖြူ ပြိုင်ပွဲဝင်စဉ်။ (က-ပ)

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ ➡		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး/ဇာတ်သဘင်	အရေး	အတီး
၁၃	၂၆-၁၀-၂၀၀၃ (တနင်္ဂနွေနေ့)	**ဓမ္မပူဇာတေး(နံနက်)** (၁) အခြေခံ (၁၀-၁၅) (မ) **ခေတ်ဟောင်း/ကာလပေါ် (နေ့လယ်)** (၂) ပညာရှင်(ကျား)	**အိုးစည်** (၁) အဆင့်မြင့် **(နံနက်)** (၂) အခြေခံ(၁၀-၁၅)**(နေ့လယ်)** **ရုပ်သေးဇာတ်တော်ကြီး(ညပိုင်း)** ရန်ကုန်တိုင်း ရွှေရတနာမြိုင် ရုပ်စုံအဖွဲ့	**အရေးသီချင်းပြိုင်ပွဲ** (၁) ပညာရှင်	**ဆိုင်းတစ်ဦးချင်း** (၁) ပညာရှင်(မ) **(နံနက်)** (၂) အခြေခံ(၁၅-၂၀) (မ) **(နေ့လယ်)** (၃) အခြေခံ (၅-၁၀) (မ) **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

အောက်တိုဘာ ၂၄ ရက်က အမျိုးသားဇာတ်ရုံ၌ ကျင်းပသော အခြေခံပညာ အမျိုးသမီး စန္ဒရားအတီး ပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မအေးမိုမိုဦး ယှဉ်ပြိုင်စဉ်။

(က-ပ)

ရန်ကုန်မြို့တော်ကြီးအား အဆင့်မြင့်မြို့တော်အဖြစ် တည်ဆောက်လျက်ရှိ ခြောက်လမ်းသွားလမ်းများနှင့်မြို့နယ်လမ်းများတိုးချဲ့ဆောင်ရွက်နေ

သတင်းဆောင်းပါး၊ ဓာတ်ပုံ
သတင်းထောက် သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန်မြို့တော်ကြီးအား အဆင့်မြင့် မြို့တော်အဖြစ် တည်ဆောက်ရာတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) သည် ကျရာအခန်းကဏ္ဍမှ ပါဝင်လျက် ဆောင်ရွက်ရမည့် အချက်အလက်များကို စီမံချက်ဖြင့် အပိုင်းလိုက် ခွဲခြား ဖော်ဆောင်လျက်ရှိသည်။

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သည် စီမံချက် အတိုင်း အပိုင်းလိုက် ခွဲခြားဆောင်ရွက်ခဲ့၍လည်း ပြည်လမ်းရှိ ဟံသာဝတီအဝိုင်း၊ ဦးဝိစာရအဝိုင်း၊ ဗဟန်း အဝိုင်းနှင့် ဧရာဝဏ်အဝိုင်းများသည် သတ်မှတ်ချိန် ထက်စော၍ ပြီးစီးခဲ့သည့်အပြင် အံ့မခန်းစရာ အလွန်လှပ တင့်တယ်၍ ယာဉ်အသွားအလာ လွန်စွာမှအဆင်ပြေနေ သော အနေအထားသို့ ရောက်ရှိခဲ့သည်။

ဒုတိယဦးစားပေးအစီအစဉ်အရ အလံပြဘုရားလမ်းမှ ကမ္ဘာအေးဘုရားလမ်း၊ ရှစ်မိုင် ပြည်လမ်းဆုံအထိ ခြောက်လမ်းသွား တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက် ရသည့်လမ်းအားလုံးနီးပါး ပြီးစီးသည့်အဆင့်သို့ ရောက်ရှိ နေပြီဖြစ်သည်။ ထိုနည်းတူစွာ အထက်ပါခြောက်လမ်းသွား လမ်းဝဲယာမှစင်္ကြံများလည်း ပြီးစီးသည့်အဆင့် အနေအထား ရောက်နေပေပြီ။

ကမ်းနားလမ်း ခြောက်လမ်းသွားတိုးချဲ့ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ တိုးချဲ့ခြင်း လုပ်ငန်း အပိုင်း(၁) ဖြစ်သည့် ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းမှ လမ်းမတော်မြို့နယ် ရွာသစ်ချောင်းအထိ အရှည် ၁၁၃၂၄ ပေ ရှိသည်။ ခြောက်လမ်းသွား တိုးချဲ့ ဆောင်ရွက်ရာတွင် ၇၂ ပေ အကျယ်အဝန်းရှိရမည် ဖြစ်သော် လည်း အချို့နေရာများတွင် လမ်းသားများ ၇၂ ပေရှိရန် ချဲ့ထွင်ရသည်။

ထို့ကြောင့်လုပ်ငန်း အပိုင်း(၁)တွင် ယာဉ်သွားလမ်း အကျယ် ၇၂ပေရရှိရန် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း



အတွက် လုပ်ငန်းပမာဏ ၂၁၄၉၉၀ စတုရန်းပေ တိုးချဲ့ ဆောင်ရွက်ရာ ၁၀၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ မီးရထား သံလမ်းအပိုင်း အချို့နေရာများအပေါ်တွင် ယာဉ်များသွား လာနိုင်ရန် ယာဉ်သွားလမ်း၊ ရထားသွားလမ်းအဖြစ် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကိုလည်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သည်။

မြေအောက်ရေမြောင်းနှင့် လမ်းဘေး အုတ်ရေမြောင်း များ တည်ဆောက်ခြင်းလုပ်ငန်းသည် ပေ ၅၈၁၀ ရှိရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။ လမ်းဘေးဝဲယာ လူသွားစင်္ကြံများတည်ဆောက်ခြင်း၊ မွမ်းမံခြင်းလုပ်ငန်းများ ၆၃ ရာခိုင်နှုန်း၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေ အပြည့် ကတ္တရာကွန်ကရစ် ခင်းခြင်းလုပ်ငန်း ၄၂ ရာခိုင်နှုန်း၊ ဘတ်စကား မှတ်တိုင်များနှင့် သီးသန့်ယာဉ် ရပ်နား နေရာများ တည်ဆောက်ခြင်းလုပ်ငန်း ၆၂ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်ပြီးဖြစ်သည်။

ကမ်းနားလမ်း ခြောက်လမ်းသွားတိုးချဲ့ခြင်းလုပ်ငန်း အပိုင်း(၂) ဖြစ်သည့် လမ်းမတော်မြို့နယ် ရွာသစ်ချောင်းမှ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း အထိ အရှည်ပေပေါင်း ၁၉၀၀၀ ရှိသည်။ လမ်းအရှည်ပေါင်းပေ ၁၉၀၀၀ ကိုလမ်း အကျယ် ၇၂ ပေချဲ့ရာတွင် အချို့လမ်းများသတ်မှတ်ပေ မပြည့်မီ၍ လမ်းသား စတုရန်းပေ ၄၉၉၅၉၀ ချဲ့ထွင် ဖြည့်ဆည်းခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့သည်။ တိုးချဲ့ အပိုင်းများကို ကတ္တရာကွန်ကရစ်အကြမ်းလွှာ ခင်းခြင်း လုပ်ငန်း၊ လမ်းဘေးဝဲယာကပ်တုံးများစီခြင်း လုပ်ငန်း များကိုလည်း ရာနှုန်းပြည့်ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပြီး ဖြစ်သည်။

တိုးချဲ့ခြင်းလုပ်ငန်းအပိုင်း (၂) အတွင်းဖြတ်မြောင်း များ ၁၇၀၄ ခုရှိရာ ၁၅၃၃ မြောင်းဆောင်ရွက်ပြီးစီး၍ ၉၀ ရာခိုင်နှုန်းပြီးစီးခဲ့သည်။ (ဖြတ်မြောင်း ဆိုသည်မှာ လမ်းများ ပေါ်၌ရှိနေသည့် ရေများကိုလမ်းဘေးရှိ ရေမြောင်းသို့ စီးဆင်းနိုင်ရန်ဆက်သွယ်ပေးသည့် ရေသွယ်မြောင်းကို ဆိုလိုပါသည်) ယာဉ်ရပ်နားနေရာ ပြုလုပ်ပေးခြင်း၊ ဘတ်စကားရပ်နားနေရာ ပြုလုပ်ပေးခြင်း၊ မြေအောက် ရေမြောင်းသစ်များတည်ဆောက်ပေးခြင်း လုပ်ငန်းများမှာ ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ပြီးဖြစ်သည်။

အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တောင်ဥက္ကလာပမြို့နယ်ရှိ မေတ္တာလမ်းမကြီးအား အကြီးစားပြုပြင်၍ ပြီးစီးနေသည့်အပိုင်းကို တွေ့မြင်ရစဉ်။

အထက်ပါခြောက်လမ်းသွား ယာဉ်လမ်း ဝဲယာ လူသွား စင်္ကြံများ တည်ဆောက်ပေးခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်း၊ လမ်းဘေးရေမြောင်းများ တည်ဆောက်ပေးခြင်း လုပ်ငန်း ၇၅ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သည် မြို့တော် အဆင့်မြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်လမ်း၊

